# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၆–၁၁–၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၂၆–၁၀–၂၀၁၆ မှ ၃၁–၁၀–၂၀၁၆ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၀–၁၀–၂၀၁၆ မှ ၂၀–၁၀–၂၀၁၆ ရက်နေ့ အထိ အီတလီနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီးတန်း

အရာရှိများအတွက် လေ့လာရေးနှင့် စွမ်းရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခင်ဇော်လင်း ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ ပါဝင်သော အဖွဲ့၏ ၁၃-၁၀-၂၀၁၆ မှ ၁၄-၁၀-၂၀၁၆ ရက်နေ့အထိ အင်္ဂလန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းဝင်း ပါဝင်သောအဖွဲ့၏ ၂၄-၁၀-၂၀၁၆ မှ ၁-၁၁-၂၀၁၆ ရက်နေ့ အထိ အမေရိကန်နိုင်ငံ **2016 Global Flagship Course on Health Systems Strengthening and Sustainable Financing; The Challenge of Universal Health Coverage** အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ပါဝင်သော အဖွဲ့၏ ၄-၁၁-၂၀၁၆ မှ ၅-၁၁-၂၀၁၆ ရက်နေ့ အထိ ထိုင်းနိုင်ငံ (၁၁)ကြိမ်မြောက် အမျိုးသမီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များညီလာခံသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ပါဝင်သောအဖွဲ့၏ ၄-၁၁-၂၀၁၆ မှ ၆-၁၁-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ (၁၈)ကြိမ်မြောက် KPI ညီလာခံသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ပါဝင်သောအဖွဲ့၏ ၁၁–၁၁–၂၀၁၆ မှ ၁၉–၁၁–၂၀၁၆ ရက်နေ့ အထိ ပြင်သစ်နိုင်ငံ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် မီဒီယာကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၃–၁၁–၂၀၁၆ မှ ၁၉–၁၁–၂၀၁၆ ရက်နေ့ အထိ ကိုရီးယားသမ္မတနိုင်ငံသို့ လွှတ်တော်လေ့လာရေး ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့ မြေပြိုမှုကို နိုင်ငံတော်သမ္မတ ရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ် ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းရှိ ရပ်ကွက်/ကျေးရွာများအား လေမုန်တိုင်းဒဏ်ခံ အဆောက်အဦ(Cyclone Shelter) များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **ပြည်ပသွင်းကုန် Ready Made လက်ဖက်ခြောက်ထုပ်များအနက် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိဘဲ ဈေးကွက်တွင်ရောင်းချနေသော လက်ဖက်ခြောက်ထုပ်များအား မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်ရှိ ပုံညို၊ နန်းယွန်းမြို့နယ်ရှိ ပန်ဆောင်နှင့် လေရှီးမြို့နယ်ရှိ ဆွမ်ပရာဘွမ် တို့တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်မှာ အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်– ပန်ကန်းစကားလမ်းမှ ဆောင်ရွက်ရန်ကျန်ရှိနေသော ကျောက်ချောလမ်း (၃)မိုင်အား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်း (၁၀)မိုင်အား ကျောက်ချောလမ်းအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့နယ်ရှိ ဒလ–သခွပ်– လက်ခုပ်ကုန်း– ကညင်ကုန်းလမ်းပေါ်ရှိ တံတားပြုပြင်ရန်နှင့် ပုံစံထုတ်ယူရန် ဒလ–ခနေတ်ကားလမ်းကို ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **အန္တရာယ်ရှိသော တံတားအဖြစ် ပျက်စီးနေသော ရွှေမြစ်ကူးမြောင်းမြ ကြိုးတံတား အစား တန်(၆၀)ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် လမ်း၊ တံတား၊ အဆောက်အဦနှင့် လေယာဉ်ကွင်း တည်ဆောက်ရာတွင်**

**ဖြစ်ပေါ်လာသော အငြင်းပွားမှုကို ဖြေရှင်းရန် အရည်အသွေးစစ် ပစ္စည်းနှင့် အသုံးပြုခြင်းရှိ၊ မရှိ၊ အရည်အသွေးထိန်းကွပ်သည့် Consultant Agency / Company ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည် စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည် စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၁။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **“ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
## (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် ရက်စွဲပါကြေညာချက်အမှတ်(၂၆/၂၀၁၆)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမယ့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကို ယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုချက်-

**[**ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ၆ ဦးက ကတိသစ္စာပြုပါသည်။**]**

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ် ၆ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် တပ်မတော်သား ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံကြရန် ဖြစ်ပါတယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၁၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား

မူကြမ်း

မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၃ ရက်၊

(၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)မြင့်ဆွေ ခွင့် ၇ ရက်၊

(၄) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၃ ရက်၊

(၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၃ ရက်၊

(၆) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၆ ရက်၊

(၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျောင်ဝမ်း ခွင့် ၃ ရက်၊

(၈) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၃ ရက်၊

(၉) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၁၀) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၃ ရက်၊

(၁၁) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၃ ရက်၊

(၁၂) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၃ ရက်၊

(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၂ ရက်၊

(၁၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၁၅) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၁ ရက်၊

(၁၆) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၃ ရက်၊

(၁၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၃ ရက်၊

(၁၈) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၃ ရက်၊

(၁၉) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၃ ရက်၊

(၂၀) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၅ ရက်၊

(၂၁) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၃ ရက်၊

(၂၂) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၃ ရက်၊

(၂၃) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၃ ရက်၊

(၂၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်နှင့်

**မူကြမ်း**

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၂၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ကျန်းမာရွှင်လန်းစွာဖြင့် တက်ရောက်လာကြတာ တွေ့ရတဲ့အတွက် စိတ်ကြည်နူးချမ်းမြေ့ရပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ လွှတ်တော်ရပ်နားစဉ်ကာလအတွင်းမှာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့လုပ်ငန်းတာဝန်များကို အလေးပေးဆောင်ရွက်ခဲ့ကြတဲ့အတွက်လည်း ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ စတင်ကျင်းပတဲ့ တတိယပုံမှန်အစည်းအဝေးကာလအတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများရဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပြင် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုကြရမယ့် ဥပဒေကြမ်း ၁၁ ခု ရှိနေပါတယ်။ အဆိုများအနေနဲ့ အသင့်ဖြစ်ပြီးအဆို ၈ ခုရှိပြီး အစိုးရအဖွဲ့ရုံးသို့ ပေးပို့ထားဆဲအဆို ၇ ခု ကျန်ရှိပါတယ်။ မေးခွန်းများအနေနဲ့ ဒုတိယပုံမှန်အစည်းအဝေးမှ တတိယပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း ၇၂ ခုအပါအဝင် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၁၀၅ ခု ရှိပါတယ်။ ယနေ့အထိ အစိုးရအဖွဲ့သို့ ပေးပို့ထားဆဲ ကြယ်ပွင့်ပြမေးခွန်း ၆၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၁၃ ခုရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီရဲ့ အနှစ်သာရဟာ အများဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်သောစနစ်ဖြစ်ပြီး လူနည်းစုရဲ့ဆန္ဒကိုလည်း လေးစားရသောစနစ်ဖြစ်ပါတယ်။ မိမိတို့ လွှတ်တော်လုပ်ငန်းစဉ်များဟာလည်း ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရတာဖြစ်ပါတယ်။ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးအတွက် တရားဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ကြဖို့ အထူးလိုအပ်ပါတယ်။ ခိုင်မာတဲ့ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက် ပြည်သူကို ကိုယ်စားပြုတဲ့ ဥပဒေများဖြစ်ရန် အလွန်အရေးကြီးပါတယ်။ ပြည်သူကို အကာအကွယ်ပေးတဲ့ ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ်ဆောင်ရွက်နိုင်ကြမှသာ Rule of Law ဆိုတဲ့ တရားဥပဒေစိုးမိုးရေးရှိလာမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီရဲ့ပြယုဂ်ဟာ လွှတ်တော်များဖြစ်တဲ့အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပေါ်မှာ အဓိကမူတည်လျက်ရှိပါတယ်။ ဒီမိုကရေစီရှင်သန်ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေပါတဲ့ ဥပဒေပြုရေးလုပ်ငန်းတာဝန်တွေ ထမ်းဆောင်ဖို့ ကျွန်တော်တို့ကို ပြည်သူက ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူပြည်သားတွေထံမှာသာ ဒီမိုကရေစီကို ပြဋ္ဌာန်းခွင့်၊ ကာကွယ်ခွင့်နဲ့ ကျင့်သုံးပိုင်ခွင့်တွေရှိနေကြတာဖြစ်ပါတယ်။

**မူကြမ်း**

ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သောစေတနာ၊ မှန်ကန်သောစိတ်ထားတို့ဖြင့် လုံ့လဝီရိယ စိုက်ထုတ်၍ ဖြည့်ဆည်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သ လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန် အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ကြပါ တယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၆-၁၀-၂၀၁၆ မှ ၃၁-၁၀-၂၀၁၆ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက် ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၁၀-၁၀-၂၀၁၆ မှ ၂၀-၁၀-၂၀၁၆ ရက်နေ့အထိ အီတလီနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီးတန်းအရာရှိများအတွက် လေ့လာရေးနှင့် စွမ်းရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစခင်ဇော်လင်း ခေါင်းဆောင်ပြီး ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ ပါဝင်သောအဖွဲ့၏ ၁၃-၁၀-၂၀၁၆ မှ ၁၄-၁၀-၂၀၁၆ ရက်နေ့အထိ အင်္ဂလန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းဝင်းပါဝင်သော အဖွဲ့၏ ၂၄-၁၀-၂၀၁၆ မှ ၁-၁၁-၂၀၁၆ ရက်နေ့အထိ အမေရိကန်နိုင်ငံ 2016 Global Flagship Course on Health Systems Strengthening and Sustainable Financing; The Challenge of Universal Health Coverage အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်ပါဝင်သောအဖွဲ့၏ ၄-၁၁-၂၀၁၆ မှ ၅-၁၁-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ(၁၁)ကြိမ်မြောက် အမျိုးသမီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များညီလာခံသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ခေါင်းဆောင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ပေး ပါဝင်သောအဖွဲ့၏ ၄-၁၁-၂၀၁၆ မှ ၆-၁၁-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ(၁၈)ကြိမ်မြောက် KPI ညီလာခံသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ဆ) ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် ပါဝင်သောအဖွဲ့၏ ၁၁-၁၁-၂၀၁၆ မှ ၁၉-၁၁-၂၀၁၆ ရက်နေ့အထိ ပြင်သစ်နိုင်ငံ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် မီဒီယာကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၃-၁၁-၂၀၁၆ မှ ၁၉-၁၁-၂၀၁၆ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ လွှတ်တော်လေ့လာရေးခရီးစဉ်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခရီးစဉ်များကို မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မတူပီမြို့ မြေပြိုမှုကို နိုင်ငံတော်သမ္မတရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတို့မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းပြည်နယ်၊ ဟားခါးမြို့အပါအဝင် မတူပီမြို့တွင်လည်း ကြီးမားတဲ့ မြေပြိုမှုဖြစ်ခဲ့ပြီး အိမ်ခြေ ၃၀ ကျော် ပျက်စီးခဲ့ပါတယ်။ ဟားခါးမြို့ မြေပြိုမှုကို လူသိများခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် NGO များမှလည်း အမြောက်အမြားကူညီထောက်ပံ့ပေးခဲ့ကြပေမဲ့ မတူပီမြို့မှာ ဖုန်းလိုင်းမကောင်းခြင်း၊ အင်တာနက်လိုင်းများမရှိခြင်းတို့ကြောင့် လူသိနည်းခဲ့ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုံးဝမရှိခဲ့ပါ။ ယခု ကျွန်တော်အဓိကတင်ပြချင်တာကတော့ ၂၀၁၅ ခုနှစ်တွင် မတူပီမြို့ ပတ်ပတ်လည်မှာ မြေတွေအကြီးအကျယ်ပြိုကျတဲ့အတွက် မြို့ရေရှည်တည်တံ့ရေး အတွက် ခြိမ်းခြောက်နေပါတယ်။ သို့ပေမဲ့ ပြီးခဲ့တဲ့ပွင့်လင်းရာသီမှာ တစ်စုံတစ်ရာပြုပြင်ကာကွယ် ထိန်းသိမ်းတည်ဆောက်မှုမရှိတဲ့အတွက် ယခုနှစ်မိုးရာသီမှာလည်း မြေပြိုမှုတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ ပါတယ်။ ဒီအတိုင်းပဲ ထိန်းသိမ်းကာကွယ်မှုမပြုလုပ်ဘဲ ထားမယ်ဆိုရင် မတူပီမြို့ ခါးပြတ်သွားနိုင်တဲ့ အခြေအနေ ဧကန်ကြုံတွေ့လာနိုင်ပါတယ်။ ယခုလို မြေပြိုရတဲ့ အဓိကအကြောင်းအရင်းကတော့ မြို့ စတင်တည်ဆောက်ကတည်းက ရေနုတ်မြောင်းတွေ စနစ်တကျမတည်ဆောက်ထားခြင်းကြောင့် မိုးရာသီမှာ မိုးများပြီး ရေများတိုက်စားမှု နှစ်ပေါင်းများစွာ ကြာလာတဲ့အခါမှာ ယခုလို မြေပြိုမှုတွေ ဖြစ်ပျက်နေရခြင်းဖြစ်ပါတယ်။ ဒီမြေပြိုမှုကို အမြန်ဆုံးမကာကွယ်ဘူးဆိုရင် လာမယ့် လေး၊ ငါးနှစ် အတွင်းမှာ မတူပီမြို့ဟာ လုံးလုံးပျက်စီးသွားနိုင်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရမှ အထူးအလေး

ထားပြီး မတူပီမြို့ ကာကွယ်ထိန်းသိမ်းရေးရန်ပုံငွေကို ထောက်ပံ့ပေးစေလိုပါတယ်။ တစ်မြို့လုံးရဲ့ ပြိုပျက်မှုအခြေအနေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများနှင့် လေးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖ များရဲ့ ကွင်းဆင်းတိုင်းတာမှု အသေးစိတ်အချက်အလက်တွေကို ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရကို ပေးပို့ပြီးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ်သုံးခွင့်ပြုပါ။ ဒါ မတူပီမြို့ရဲ့အခြေ အနေဖြစ်ပါတယ်။ မတူပီမြို့ မြေပြိုတဲ့အနေအထားတွေ ဖြစ်ပါတယ်။ ဒီမြေပြိုမှုက နှစ်ပေါင်းကြာလာ တဲ့အခါမှာ တောင်တွေက အောက်ခြေကနေလှိုက်စားပြီးမှ မတူပီမြို့ ခါးပြတ်နိုင်တဲ့အနေအထား ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ မြေပြိုပြီးမှ ဒီနှစ်မှာလည်း ဆက်လက်မြေပြိုတဲ့အနေအထားတွေဖြစ်ပါ တယ်။ ဒါ တစ်နေရာတည်းမှာ ပြိုတာမဟုတ်ဘဲနဲ့ မြို့ရဲ့ပတ်ပတ်လည်တွေမှာ ပြိုတာ။ ဒါ မတူပီမြို့ရဲ့ အရှေ့ဘက် လောင်ကိုင်းရပ်ကွက် မြေပြိုတဲ့နေရာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမြေပြိုမှု Power Point တင်ပြတဲ့အနေအထားဟာ အချိန်မရတဲ့အတွက်ကြောင့် ကျွန်တော်တို့ အများကြီးတင်ပြချင်ပေမယ့် အနည်းငယ်တင်ပြခြင်းဖြစ်ပါတယ်။ ပြထားတဲ့နေရာတွေက ရေစီးမြောင်းတွေကြောင့် မြောင်းတွေ မလုပ်ထားတဲ့အခါကျတော့ ပြိုပျက်လာနိုင်တဲ့အနေအထားတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း မေးမြန်း ထားရှိတဲ့ ချင်းပြည်နယ်၊ မတူပီမြို့ မြေပြိုမှုကို နိုင်ငံတော်သမ္မတရန်ပုံငွေဖြင့် ထောက်ပံ့တည်ဆောက်ပေး ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအား ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း

ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေမှ သုံးစွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါတယ်။ သီးသန့်ရန်ပုံငွေအတွက် သတ်မှတ်ထားတဲ့စည်းကမ်းချက်များ ရှိပါတယ်။ (၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ (၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသောအသုံးစရိတ်ဖြစ်ခြင်းတို့ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ သဘာဝဘေးများအတွက် လက်ရှိပံ့ပိုးနေမှုများမှာ အဓိကအားဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျခံသုံးစွဲနေခြင်းဖြစ်ပါတယ်။ အဆိုပါရန်ပုံငွေမှ ချင်းပြည်နယ်အတွင်းမှာ ထောက်ပံ့ကျခံပေးမှုများကို တင်ပြရမည်ဆိုလျှင် ချင်းပြည်နယ်မှာ ၂၀၁၆ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာ ၁၀ ရက်နေ့အထိ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ စုစုပေါင်း ကျပ်သိန်းပေါင်း ၇၇၇၉.၁ လွှဲပြောင်းပေးပြီးခဲ့တဲ့အနက် ချင်းပြည်နယ် မင်းတပ်မြို့နယ် ချိုင့်ကျေးရွာမှာ ရွှေ့ပြောင်းနေအိမ် ၅၄ လုံးဆောက်လုပ်ရန် တစ်အိမ်လျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ကျပ် ၁၆၂ သိန်း၊ ဟားခါး၊ ထန်တလန်၊ မတူပီမြို့နယ်များအတွင်း သဘာဝဘေးကြောင့် ပြိုကျပျက်စီးအိမ် ၂၆ လုံးအတွက် တစ်အိမ်လျှင် နှစ်သိန်းနှုန်းဖြင့် ၅၂ သိန်း၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ဦးစားပေးပြန်လည်ပြုပြင်ရန် ဟားခါး၊ တီးတိန်၊ မတူပီ မြို့နယ်များအတွက် ကျပ်သိန်း ၁၆၂၅ သိန်း၊ တီးတိန်မြို့နယ်၊ အိုင်ဖားရွာ မြေပြိုအက်မှုကြောင့် ပြောင်းရွှေ့နေအိမ် ၁၅ လုံးအတွက် တစ်လုံးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ကျပ်သိန်း ၃၀ တို့ကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်၊ ပလက်ဝ၊ တီးတိန်၊ တွန်းဇံမြို့နယ်များမှ အဆောက်အဦ၊ တံတားများနှင့် ငါးကန်များ ပြန်လည်ပြုပြင်ရန်အတွက် ကျပ် ၁၅၃၆.၁ သိန်း လွှဲပြောင်း ထောက်ပံ့ခဲ့ပါတယ်။ ဒါ့အပြင် ယခုနှစ်အတွင်း မင်းတပ်ခရိုင်၊ မတူပီမြို့နယ် နာပုံကျေးရွာနှင့် တူဖေကျေးရွာကြားရှိ ပျက်စီးခဲ့တဲ့ ကြိုးတံတားတစ်စင်းအတွက် ကုန်ကျငွေကျပ် ငါးသန်းအားလည်းကောင်း၊ ရွာတလိုင်းကျေးရွာနှင့် လိုတောကျေးရွာများရှိ ဘေလီသစ်သားတံတားတစ်စင်း တည်ဆောက်ရန်အတွက် ကျပ် ၃၇.၅ သန်းအားလည်းကောင်း စုစုပေါင်း တံတားနှစ်စင်းပြုပြင်ရန် လိုအပ်ငွေကျပ် ၄၂.၅ သန်းကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ခဲ့ပြီးဖြစ်ပါ တယ်။ ချင်းပြည်နယ်အတွင်းရှိ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်၊ ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန့်မြို့နယ်နှင့် တွန်းဇံမြို့နယ် စသည့် မြို့နယ်ကိုးမြို့နယ်မှာ မတူပီမြို့နယ်မှအပ

ကျွန်ရှစ်မြို့နယ်မှာ ၂၀၁၅ ခုနှစ်မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၉၆ ရွာရှိ ဘေးသင့်အိမ်ခြေ ၁၁၂၂၊ လူဦးရေ ၅၆၈၅ ဦး ဘေးသင့်ခဲ့မှုများနဲ့ မတူပီမြို့ပေါ်မှာ နေအိမ်ပြိုကျပျက်စီးမှုအခြေအနေများ တင်ပြထားခြင်းမရှိခဲ့ကြောင်းပြည်နယ်အစိုးရအဖွဲ့က စိစစ်တွေ့ရှိရပါတယ်။ အကြောင်းအရင်းမှာ ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ဘေးသင့်ပြည်သူများအနေဖြင့် မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ တည်ဆောက်ပြုပြင်ခဲ့သဖြင့် ပျက်စီးမှုအခြေအနေအား ဆက်လက်တင်ပြတောင်းခံမှု မရှိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားထားပါတယ်။ ဒီလိုတင်ပြထားခြင်းမရှိခဲ့တာက ဆက်သွယ်ရေးဖုန်းလိုင်းများမကောင်းခြင်း၊ အင်တာနက်လိုင်းမကောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြစာအရ သိရှိရတဲ့အတွက် များစွာကိုယ်ချင်းစာမိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မြေပြိုမှုတွေဟာ တောင်ပေါ်ဒေသများမှာဖြစ်သကဲ့သို့ မြစ်ချောင်းများရဲ့ ကမ်းနားဘေးများမှာလည်း ကမ်းပြိုမှုများဖြစ်ပေါ်တဲ့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ယင်းမြေပြို၊ ကမ်းပြိုမှုများနှင့်ပတ်သက်၍ ဘေးကင်းလုံခြုံသည့်နေရာတွင် မြေနေရာချထားပေးရန်လိုအပ်သကဲ့သို့ ယင်းမြေနေရာချထားပေးမှုအပေါ်မူတည်၍ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က အိမ်ဆောက်ဖို့ငွေများထောက်ပံ့ခြင်း၊ အရေးပေါ်ပြောင်းရွှေ့ရမှုအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိပါတယ်။ နိုင်ငံအတွင်းရှိ မြစ်များရဲ့ ကမ်းပါးပြိုမှုနှင့်ပတ်သက်ပြီး ရေရှည်ထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့နှင့် သက်ဆိုင်တဲ့ကဏ္ဍအလိုက် စီမံချက်များရေးဆွဲကာ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ယခုဖြစ်စဉ်နှင့်ပတ်သက်၍လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်တွင်ပါရှိသော မတူပီမြို့ပေါ်မှာ ကြီးမားသောမြေပြိုအန္တရာယ်ကျရောက်နိုင်တဲ့အတွက် ထိုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေမြောင်းများ၊ မြေထိန်းနံရံများအား တည်ဆောက်ရန်လိုအပ်မှုများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး လိုအပ်နေတဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးနိုင်ရေး အမြန်ဆုံးစီစဉ်ပေးမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ် ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများအား လေမုန်တိုင်းဒဏ်ခံ အဆောက်အဦ (Cyclone Shelter) များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မာန်အောင်မဲဆန္ဒနယ်က ဦးတင်နု(ခ)တင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ) တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်ကျွန်းကို ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာနေထိုင်ကြတဲ့ ပြည်သူတွေရဲ့အသက်အန္တရာယ်ကိုကာကွယ်ပေးဖို့ လေမုန်တိုင်းဒဏ်ခံနိုင်တဲ့ (Cyclone Shelter) အဆောက်အဦတွေ ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်တွင်ရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အတွင်းမှာတည်ရှိတဲ့ ကျွန်းတစ်ကျွန်းလည်း ဖြစ်ပါတယ်။ စတုရန်းမိုင် ၂၀၂ မိုင်ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုနဲ့ ကျေးရွာပေါင်း ၁၃၇ ရွာရှိပါတယ်။ လူဦးရေအားဖြင့် ၆၁၂၀၀ ကျော်နေထိုင်လျက်ရှိပြီး လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ ပင်လယ်ကမ်းခြေကျေးရွာတွေမှာ နေထိုင်လျက်ရှိကြပါတယ်။ မြို့နယ်ရပ်ကွက်ငါးခုနဲ့ ကျေးရွာ ၂၀ ခန့်ဟာ ပင်လယ်ရေပြင်အထက် ၄ ပေမှ ၆ ပေအထက်မှာရှိတဲ့ ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်း ရပ်ကွက်၊ ကျေးရွာတွေမှာ နေထိုင်ကြရပါတယ်။ မြို့နယ်ရပ်ကွက်ငါးခုနဲ့ ခေါင်ဦးမူကျေးရွာအုပ်စုကြီး ကျေးရွာငါးရွာ၊ ကုန်းတန်း၊ လိုင်ပလ၊ ချောင်းဝနဲ့ ငေါတင်ဆိပ်၊ ဆလပ်တင်၊ ရေမျက်ဝ၊ မကျီးကုန်း၊ ကျောက်ကုန်း၊ ဇီးတော၊ မြို့တော်ဦး၊ ပြားကြီးကျေးရွာနဲ့ ခိုဝါကျေးရွာများဟာ ပင်လယ်နဲ့အလွန်နီးကပ်စွာတည်ရှိပြီး မြေနိမ့်ပိုင်းမှာ ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၃၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့က တိုက်ခတ်ခဲ့သော လေမုန်တိုင်းကြောင့် ကျွန်တော်တို့မာန်အောင်က ပင်လယ်ကမ်းခြေကျေးရွာမှာနေထိုင်တဲ့ လူဦးရေ ၁၄၄ ယောက်ဟာ မုန်တိုင်းကြောင့် သေကျေခဲ့ကြရပါတယ်။ ရွာသုံးရွာလုံးက သေကျေခဲ့ကြရပါတယ်။ တစ်နာရီမှာ မိုင်

၁၃၀ ကျော်တိုက်ခတ်ခဲ့ကြောင်း သိရှိရပါတယ်။ နှစ် ၁၀၀ ပတ်ဝန်းကျင်မှာ အပြင်းအထန်ဆုံး လေမုန်တိုင်းကြီးတွေဟာ တိုက်ခတ်လျက်ရှိကြောင်း သိရှိရပါတယ်။ ယခု နှစ် ၁၀၀ နီးလာပါပြီခင်ဗျား။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတွေဟာ အလွန်ပြင်းထန်လာပြီး လူသားတွေအတွက် သတိထားပြီး ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားဖို့ လိုအပ်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုသာအောင်မီးသတ်သမား၊ မီးလောင်ပြီးမှ သူကြိုးစားဆိုတဲ့အဖြစ်မျိုး မဖြစ်ရလေအောင် ဧရာဝတီတိုင်းမှာတိုက်ခတ်ခဲ့တဲ့ နာဂစ်လိုအခြေအနေမျိုးနဲ့ မကြုံရလေအောင် တစ်နေ့တစ်ချိန်မှာ သေချာပေါက်အပြင်းအထန်ဆုံး သဘာဝဘေးအန္တရာယ်လေမုန်တိုင်းကြီးများ ကျရောက်လာနိုင်တဲ့အတွက် လေမုန်တိုင်းဒဏ်ခံနိုင်သော အဆောက်အဦများ ဆောက်လုပ်ပေးဖို့ ပြည်သူတွေက ကျွန်ုပ်ကို သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုပေးဖို့ ပြောလာကြပါတယ်။ ပြည်သူတွေက ယခုလို တင်ပြတောင်းဆိုလာတဲ့အတွက် ပင်လယ်ကမ်းခြေအနီး မြေနိမ့်ပိုင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ လေမုန်တိုင်းဒဏ်ခံနိုင်သော အဆောက်အဦ (Cyclone Shelter) ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက ဘယ်အချိန်မှာဆောက်ပေးမလဲ၊ မရှိက အဘယ်ကြောင့်မရှိကြောင်းသိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းပေးနိုင်ပါရန် ပြည်သူများ၏ကိုယ်စား လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင် မေးမြန်းထားရှိတဲ့ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများအား လေမုန်တိုင်းဒဏ်ခံ အဆောက်အဦ (Cyclone Shelter) များ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ရေမြေသဘာဝအနေအထားအရ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာတည်ရှိတဲ့အတွက် မုန်တိုင်းအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံ

ခံစားရတဲ့ဒေသဖြစ်လို့ မုန်တိုင်းဒဏ်ခံ ခိုလှုံရာအဆောက်အဦများကို လိုအပ်ချက်ပေါ်မူတည်၍ ဆောက်လုပ်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ် ကျရောက်သော နေရာများဖြစ်သည့် မြေပုံမြို့နယ်တွင် (Cyclone Shelter) နှစ်လုံး၊ ပေါက်တောမြို့နယ်တွင် (Cyclone Shelter) နှစ်လုံး စုစုပေါင်း လေးလုံးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တို့၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြေပုံမြို့နယ်တွင် (Cyclone Shelter) သုံးလုံးနှင့် တောင်ကုတ်မြို့နယ်တွင် သုံးလုံး စုစုပေါင်း ခြောက်လုံး ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်း စစ်တွေမြို့နယ်မှာ (Cyclone Shelter) လေးလုံး၊ ပေါက်တောမြို့နယ်မှာ (Cyclone Shelter) တစ်လုံး၊ မင်းပြားမြို့နယ်မှာ (Cyclone Shelter) တစ်လုံး၊ မြေပုံမြို့နယ်မှာ (Cyclone Shelter) နှစ်လုံး၊ ကျောက်ဖြူမြို့နယ်မှာ (Cyclone Shelter) တစ်လုံး၊ တောင်ကုတ်မြို့နယ်မှာ (Cyclone Shelter) တစ်လုံး စုစုပေါင်း ၁၀ လုံးကို ဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၃/၂၀၁၆)အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ စစ်တွေမြို့မှာ ကျင်းပပြုလုပ်စဉ် လွှတ်တော်ကိုယ်စားလှယ်များမှ ရခိုင်ပြည်နယ် မာန်အောင်မြို့တွင် Shelter နှင့် သင်္ကယ်ကုန်းများ တည်ဆောက်ပေးနိုင်ရေးတင်ပြခဲ့ရာ တည်ဆောက်မည့်နေရာ မြေနေရာအကျယ်အဝန်း လိုအပ်သည့်အရေအတွက်တို့ကို ပြန်ကြားပေးရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မာန်အောင်မြို့တွင် ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ (Cyclone Shelter)နှင့် သင်္ကယ်ကုန်းတည်ဆောက်ပေးနိုင်ရန်

**မူကြမ်း**

ပထမဦးစားပေးအနေဖြင့် ဇီးတောကျေးရွာ ၂ ဧက၊ ဒုတိယဦးစားပေးအနေဖြင့် ကုန်းတန်းရွာ (တောင်ပိုင်း) ၂ ဧက၊ တတိယဦးစားပေးအနေဖြင့် အုတ်ချောင်းကျေးရွာ ၂.၁၂ ဧက၊ စတုတ္ထဦးစားပေး အနေဖြင့် ရေမျက်ဝကျေးရွာ ၂.၅ ဧက၊ ပဉ္စမဦးစားပေးအနေဖြင့် ကြူကျေးရွာ ၀.၅ ဧကတို့တွင် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ညှိနှိုင်းပြန်ကြားလာပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အရ လတ်တလောအားဖြင့် မာန်အောင်မြို့နယ်တွင် ဦးစားပေး အဆင့်(၁) ဇီးတောကျေးရွာနှင့် ဦးစားပေးအဆင့်(၂) ကုန်းတန်းရွာ(တောင်ပိုင်း)တို့တွင် လိုအပ်လျက် ရှိတဲ့ (Cyclone Shelter)တစ်လုံးစီကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ မှ ကျခံသုံးစွဲတည်ဆောက်ခွင့်အားဥက္ကဋ္ဌထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ရန်ပုံငွေကျပ်သိန်း ၂၅၉၁.၆ အား ယခုနိုဝင်ဘာလ ၁၁ ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ပြည်ပသွင်းကုန် Ready Made လက်ဖက်ခြောက်ထုပ်များအနက် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်ရောင်းချနေသော လက်ဖက်ခြောက်ထုပ်များအား မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာရှိသောနေ့ဖြစ်ပါစေ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လက်ဖက်ကောင်းစား ချင်ရင် ပလောင်တောင်တက်နှေးရတယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်းပါပဲ။ မြန်မာနိုင်ငံမှာ ကျွန်မတို့ ပလောင်လူမျိုးတွေရဲ့ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်ဟာ လက်ဖက်လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံရဲ့ ခေတ်အဆက်ဆက်က စနစ်ဆိုးတွေကြောင့် ကျွန်မတို့လက်ဖက်တောင်သူတွေဟာ ရှေးယခင်က လက်ဖက်ခြံတစ်ခြံပိုင်ရင် မိသားစုတစ်ခုရဲ့ ကျန်းမာရေး၊ ပညာရေး၊ ဝမ်းစာအတွက် ဖူလုံသော်လည်း ၂၀၁၀ ခုနှစ်နောက်ပိုင်းမှ အခုအချိန်အထိ ကျွန်မတို့လက်ဖက်တောင်သူတွေရဲ့ လူနေမှုဘဝမှာ ချွတ်ခြုံကျသည်ထက်ကျလာခဲ့ရပါတယ်။ အကြောင်းအရင်းတွေကတော့ ပြည်ပမှ တရားမဝင်တင်သွင်းလာသော လက်ဖက်ခြောက်(အချိုခြောက်)ကြောင့် ပြည်တွင်းလက်ဖက်ခြောက်

များဈေးနှုန်းကျလာခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ FDA ခွင့်ပြုချက်မပါဘဲ ဈေးကွက်အတွင်းသို့ ပြည်တွင်းသဘာဝ လက်ဖက်ခြောက်များထက် ဈေးနှုန်းလျှော့ချ၍ စိတ်ကြိုက်ရောင်းချနေကြခြင်း၊ နည်းပညာတိုးတက်လာမှုမရှိခြင်း၊ လက်ဖက်တောင်သူများသည် ခေတ်အဆက်ဆက်ရှိ နိုင်ငံတော် အစိုးရ၏ ဥပေက္ခာပြုခြင်းကိုခံရခြင်း၊ ပြည်တွင်းစစ်ဒဏ်ကြောင့် ကောင်းမွန်စွာ လက်ဖက်မခူးရခြင်း ကြောင့်ဖြစ်ပါတယ်။ ဈေးကွက်တွင် တရားမဝင်ရောင်းချနေတဲ့ လက်ဖက်ခြောက်(အချိုခြောက်) ပြဿနာတွေဟာ သေးငယ်တဲ့ပြဿနာမဟုတ်ပါဘူး။ မနက်တိုင်း ကျွန်မတို့သောက်သုံးနေတဲ့ လက်ဖက်ရည်၊ လက်ဖက်သုတ်၊ ရေနွေးကြမ်းတွေမှာ ဓာတုဆိုးဆေးပါ/မပါအားလုံးစစ်ဆေးသင့်ပြီး အမျိုးသား ကျန်မာရေးကို ကာကွယ်ပေးသင့်ပါတယ်။ ထို့အပြင် ယခုလက်ရှိကျင့်သုံးနေတဲ့ ခေတ်နဲ့ မကိုက်ညီတဲ့ ၁၉၉၇ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားသည့် အမျိုးသားအစားအသောက်ဥပဒေကိုပါ အသစ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းဖို့လိုအပ်ပါတယ်။ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ကျန်းမာရေးကို အခိုင်အမာ ကာကွယ်ပေးသည့်ဥပဒေကို အမြန်ဆုံး မပြဋ္ဌာန်းနိုင်သရွေ့ကတော့ ကျွန်မတို့လက်ဖက် တောင်သူတွေမှာ မွဲသည်ထက်မွဲပြီးတော့ တရုတ်နိုင်ငံမှ တရားမဝင်လက်ဖက် များကို တင်သွင်းရောင်းချနေတဲ့ ကုန်သည်များမှာတော့ ချမ်းသာသည်ထက် ချမ်းသာနေကြမှာ အသေအချာပင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနတွင် တရားဝင် မှတ်ပုံတင် ထားခြင်းမရှိဘဲ ပြည်တွင်းဈေးကွက်တွင် ကျန်းမာရေးနှင့်မညီညွတ်သည့် လက်ဖက်များရောင်းချ သည်ကို တွေ့ရှိပါက မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုသည့်အတွက်ကြောင့် ဤမေးခွန်းကို မေးရခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာ ခြင်းနှင့် ပြည့်ဝပါစေကြောင်း ဆန္ဒပြုရင်းနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၃)ဖြင့် ပြည်ပမှ တင်သွင်းရန် ပိတ်ပင်ထားသော ကုန်ပစ္စည်းလေးမျိုးဖြစ်တဲ့ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို တင်သွင်းခွင့်ပြုလျက်ရှိရာ လက်ဖက်ခြောက်သည် တင်သွင်းရန် ကန့်သတ်ပိတ်ပင်ထားသော ကုန်ပစ္စည်းစာရင်းတွင် မပါရှိသဖြင့် ပြည်ပမှ တင်သွင်းရန် လိုင်စင်လျှောက်ထားလာပါက သွင်းကုန်လိုင်စင်ခွင့်ပြုချက်ပေးလျက်ရှိပါတယ်။ ထိုသို့တင်သွင်းခွင့်လိုင်စင်ခွင့်ပြုရာတွင် လက်ဖက်ခြောက်သည် အသင့်သုံးစွဲနိုင်သော စားသောက်ကုန်ပစ္စည်းဖြစ်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိကြောင်း ထောက်ခံချက်ဖြင့်သာ တင်သွင်းခွင့်ပေးလျက်ရှိပါတယ်။

လက်ဖက်ခြောက်များကို တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ သြစတြေးလျ၊ သီရိလင်္ကာ၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်တို့မှ အများဆုံးတင်သွင်းမှုရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပင်လယ်ရေကြောင်းအပါအဝင် နယ်စပ်ဒေသများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁၂၇၅ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၆၅၃ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁၁၂၉ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၀၇ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဇူလိုင်လအထိ တန်ချိန် ၅၆၈ တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၀.၉၈၂ သန်း တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသည့် လက်ဖက်ခြောက်ထုပ်များ အချိုခြောက်များ၊ အကြမ်းခြောက်များနှင့် အမျိုးမျိုးသော အသင့်သောက်သုံးနိုင်သည့် ဆေးဖက်ဝင်လက်ဖက်ခြောက်များ (Herbal Tea and Herbal Infusion) နှင့်ပတ်သက်၍ သွင်းကုန်လိုင်စင်ထောက်ခံချက် (Import Recommendation) နှင့် သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate) များကိုထုတ်ပေးလျက်ရှိပါတယ်။ ပြည်ပမှတင်သွင်းလာသည့် လက်ဖက်ခြောက်အမျိုးမျိုးနှင့် ပတ်သက်၍ (IR- Import Recommendation) သွင်းကုန်လိုင်စင်နှင့် ထောက်ခံချက်ရရှိထားသော လက်ဖက်ခြောက်အမယ်များမှာ ၂၀၁၄ ခုနှစ်တွင် Green Tea ၁၄ မျိုး၊ Black Tea ၁၄ မျိုး၊ အခြား ငါးမျိုးနှင့် ၂၀၁၅ ခုနှစ်တွင် Green Tea ၃၀ မျိုး၊ Black Tea ၁၇ မျိုး၊ အခြား ၂၅ မျိုး၊ ၂၀၁၆ ခုနှစ်

ဇန်နဝါရီလမှ ဩဂုတ်လအထိ Green Tea ၂၈ မျိုး၊ Black Tea ၅၄ မျိုး၊ Herbal Tea ခုနစ်မျိုးနှင့် အခြားသုံးမျိုးတို့ ဖြစ်ပါတယ်။

ပြည်ပမှ တင်သွင်းလာပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထောက်ခံချက် တစ်စုံတစ်ရာလျှောက်ထားရယူခြင်းမရှိဘဲ ဈေးကွက်တွင်ရောင်းချနေသော လက်ဖက်ခြောက်များအား အရေးယူမည့်ကိစ္စနှင့်ပတ်သက်၍ ဈေးကွက်ထောက်လှမ်းခြင်းကို စနစ်တကျဆောင်ရွက်ပြီး ဗဟို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အရေးယူဆောင်ရွက်ရန်အတွက် စီစဉ်ထားကြောင်း သိရှိရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေဖြင့်လည်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်)ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ပြည်ထောင်စုအဆင့် ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်း၍ စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စားသုံးသူရေးရာဦးစီးဌာနမှ ကျန်းမာရေး နှင့်မညီညွတ်သော အစားအသောက်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းပေးခြင်း၊ စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားထိခိုက်လာပါက တိုင်ကြား နိုင်ရန် Venyl Board များထောင်ခြင်း၊ Pamphlets များ ဝေငှခြင်း၊ တိုင်ကြားမှုကို လက်ခံဆောင်ရွက် ပေးခြင်း၊ ကျောင်းမုန့်ဈေးတန်းများနှင့် အများသုံးဈေးတန်းများသို့ ကွင်းဆင်းလေ့လာခြင်း၊ တိုင်ကြားမှုနှင့် ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဈေးကွက်အတွင်း ကုန်စည်များအပေါ် မှတ်ပုံတင်ခြင်းမရှိဘဲ စားသုံးရန် သို့မဟုတ် စားသုံးရန် မသင့်ကြောင်း သက်ဆိုင်ရာဌာနများမှ ကြေညာချက်ထုတ်ပြန်ထားသော ကုန်ပစ္စည်းကို စားသုံးသူ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကွင်းဆင်းလေ့လာဆောင်ရွက်သည့်အခါများတွင် တွေ့ရှိချက်များကို သက်ဆိုင်ရာစားသုံးသူ အငြင်းပွားဖြန်ဖြေရေးအဖွဲ့များသို့ တင်ပြပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ စီရင်ပိုင်ခွင့်ဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပုဒ်မ ၁၉ ပြဋ္ဌာန်းချက်အရ အောက်ပါ စီမံခန့်ခွဲမှုပြစ်ဒဏ်များကို အရေးယူဆောင်ရွက်ခွင့်ရှိပါတယ်။ (က) သတိပေးခြင်း၊ (ခ) ပြင်းထန်စွာ သတိပေးခြင်း၊ (ဂ) လျော်ကြေး ပေးစေခြင်း၊ (ဃ) အငြင်းပွားလျက်ရှိသော ကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်

**မူကြမ်း**

အသတ်တားဆီးခြင်း၊ (င) ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ပြန်လည်သိမ်းဆည်းစေခြင်း၊ (စ) စားသုံးသူတို့အား ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီးစေခြင်း၊ (ဆ) လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တရားဝင်မှတ်ပုံတင်ခြင်းမရှိဘဲ ဈေးကွက်အတွင်းရောင်းချနေသော လက်ဖက်ခြောက်များကို စားသုံးသူမှ ထိခိုက်နစ်နာမှုရှိကြောင်း တိုင်ကြားလာပါက ကွင်းဆင်းလေ့လာစေပြီး သက်ဆိုင်ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြ၍ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဈေးကွက်အတွင်းရောင်းချနေသည့် အမှတ်တံဆိပ်တစ်ခုခု ပါရှိသည့် လက်ဖက်ခြောက်သည် စားသုံးရန်မသင့်ကြောင်း သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားပြီး ဈေးကွက်အတွင်း တွေ့ရှိပါက အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များသို့ တင်ပြ၍ ဥပဒေပါ စီရင်ပိုင်ခွင့်အတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်များကို မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာများနှင့် အမြန်ဆုံးညှိနှိုင်းဖြေရှင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းများကတော့ (၁) အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့်အစီအစဉ်ရှိ/မရှိ၊ (၂) အစီအစဉ်ရှိပါက မည်သို့မည်ပုံစီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်၊ (၃) အစီအစဉ်ရှိပါက ထိုစီစဉ်ဆောင်ရွက်မှုသည် ပြည်သူတို့၏ လူမှုဘဝအတွက် မည်မျှအထိအကျိုးသက်ရောက်မှုရှိမည်တို့ကို သိရှိလိုပါသည်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ပါမေးခွန်းများ ဖြစ်လာရခြင်းအကြောင်းအရင်းကို တင်ပြလိုပါတယ်။ ကုန်ဈေးနှုန်းတရိပ်ရိပ်တက်နေခြင်းဟာ ယခုအစိုးရလက်ထက်မှာ လူမှုဘဝရဲ့အနီးကပ်ဆုံးရင်ဆိုင်ရတဲ့စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒီလိုဖြစ်လာရခြင်းမှာလည်း ယခင်ခေတ်စနစ်တွေ၊ အစိုးရတွေလက်ထက်ကတည်းက ကုန်ဈေးနှုန်းတက်နေခြင်းပြဿနာကို မဖြေရှင်းနိုင်ခဲ့ပါဘူး။ ယခုအစိုးရတက်လာပြီးနောက်ပိုင်းမှာလည်း ကုန်ဈေးနှုန်းဟာ လျော့ကျမှုမရှိတဲ့အပြင် ယခင်အတိုင်းပဲ တရိပ်ရိပ်ဆက်မြင့်နေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ကုန်ဈေးနှုန်းတက်နေမှုကို အစိုးရတစ်ရပ်ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုအရလည်းကောင်း၊ ယခုအစိုးရရဲ့မူဝါဒတစ်ရပ်ဖြစ်တဲ့ ပြည်သူအများစုဘဝ လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ဘယ်လိုဆောင်ရွက်ပေးနေသလဲဆိုတာ ပြည်သူတွေသိရှိအောင် ပွင့်လင်းမြင်သာမှုနဲ့ချပြစေချင်လို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းမေးမြန်းခြင်းနဲ့ပတ်သက်တဲ့ ပြည်တွင်းအခြေအနေများကိုလည်း ဆက်လက်တင်ပြလိုပါတယ်။ ဦးစွာ ပြည်သူအများစုရဲ့ဝင်ငွေကို တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ကျေးလက်နေ စိုက်ပျိုးရေးနဲ့အသက်မွေးတဲ့ တောင်သူလယ်သမား ၃၀ ရာခိုင်နှုန်းရှိပါတယ်။ ၎င်းတို့မှာ မြေသိမ်းခံခဲ့ရမှုတွေ၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးရင်ဆိုင်ရမှု၊ သီးနှံဈေးကွက်က အာမခံချက်မရှိမှု စတဲ့လူမှုဘဝပြဿနာမျိုးစုံကို ကျော်လွန်ပြီးမှရရှိလာကြတဲ့ အလွန်နိမ့်ကျလှတဲ့ဝင်ငွေ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းတဲ့ မြန်မာပြည်မှာ အနိမ့်ဆုံးလုပ်ခ တစ်ရက် ၃၆၀၀ ကျပ်သာရရှိတဲ့ လက်လုပ်လက်စားများရဲ့ဝင်ငွေ၊ တစ်လ ၁၂၀၀၀၀ ကျပ်သာရရှိတဲ့ အနိမ့်ဆုံးဝန်ထမ်းများရဲ့ လစာဝင်ငွေ။ ဒီဝင်ငွေများရရှိသူများမှာ မြန်မာနိုင်ငံရဲ့ပြည်သူအများစုဖြစ်ပါတယ်။ ဝင်ငွေနိမ့်ကျခြင်း၊ ဝင်ငွေမတိုးခြင်းများ ကြုံတွေ့နေကြရတဲ့အပြင် ငွေကြေးဖောင်းပွမှုဒဏ်ကိုလည်း ခံနေကြရပြန်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့လူဦးရေတစ်ဝက်ခန့်ဟာ မှီခိုသူတွေဖြစ်နေပါတယ်။ မိသားစုတစ်ခုမှာ ဝင်ငွေက ပုံမှန်အတိုင်းနိမ့်ကျနေချိန်မှာ ကုန်ဈေးနှုန်းတရိပ်ရိပ်တက်နေတော့ ဝင်ငွေနဲ့ထွက်ငွေဟာ ဘယ်လိုမှမမျှတနိုင်တော့ပါဘူး။ ဒီတော့ ရတဲ့ဝင်ငွေနဲ့ အိမ်ရှင်မတွေ၊ အိမ်ထောင်ဦးစီးတွေက စီမံပြီး ချွေတာသုံးစွဲရင်းက ကျန်းမာရေးထိခိုက်လာမှုတွေ၊ လူနေမှုဘဝအဆင့်အတန်းနိမ့်ကျမှုတွေ၊ ဆင်းရဲမွဲတေမှုနှင့် မလိုလားအပ်တဲ့ ရာဇဝတ်မှုတွေအထိ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါ့ကြောင့် ကုန်ဈေးနှုန်းတက်နေမှုနှင့်ပတ်သက်ပြီး စာစောင်တွေ၊ လေလှိုင်းတွေမှတစ်ဆင့် ကျယ်လောင်တဲ့ပြည်သူ့ရဲ့အသံတွေသာမက ကျွန်မမဲဆန္ဒနယ်က ပြည်သူအချို့ကလည်း ဒီကိစ္စနှင့်ပတ်သက်ပြီး တင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်းတက်နေမှုကြောင့် လူမှုဘဝမွန်းကြပ်

မူကြမ်း

နေသူများ၊ အနာဂတ်နေ့သစ်များကို ယုံကြည်မျှော်လင့်နေကြတဲ့သူများကိုယ်စား အထက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းရင်း မေတ္တာပို့အပ်ပါတယ်။ ယခုပုံမှန်အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ငွေကြေးဖောင်းပွမှုဖြစ်ပေါ်သည်ဟု ခေါ်ဝေါ်လေ့ရှိပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်း(Rate of Inflation) ဆိုသည်မှာ အထွေထွေပျမ်းမျှကုန်ဈေးနှုန်းများ အချိန်ကာလကြာမြင့်စွာတက်ခြင်းဟု သတ်မှတ်နိုင်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးနှုန်းသည် အခြေခံအားဖြင့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု၊ ရောင်းလိုအားနှင့်ဝယ်လိုအားပေါ်တွင် မူတည်ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းနှင့် အစားအစာမဟုတ်သော အခြားကုန်ပစ္စည်းဈေးနှုန်း၊ ဝန်ဆောင်မှုဈေးနှုန်းများတို့၏ ဈေးနှုန်းတက်ခြင်းကိုပြသော ညွှန်းကိန်းတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ရောင်းလိုအားသည် ဝယ်လိုအားထက် ကျဆင်းနေသည့် အခြေအနေ(သို့မဟုတ်) ဝယ်လိုအားသည် ရောင်းလိုအားထက် များပြားသော အခြေအနေတွင် ကုန်ပစ္စည်းဈေးနှုန်းများ တက်လေ့ရှိပါသည်။ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် ဇစ်မြစ်နှင့် အကြောင်းအရင်းများစွာရှိပါသည်။ ယေဘုယျအားဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်း စသည့်စီးပွားရေးအဆောက်အအုံဆိုင်ရာ အားနည်းချက်များကြောင့်လည်းကောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် တွန်းအားပေးမှုကြောင့်လည်းကောင်း၊ ဝယ်လိုအားဆွဲဆောင်မှုကြောင့်လည်းကောင်း ဖြစ်ပေါ်လာစေပါတယ်။ စီးပွားရေး အဆောက်အဦကို လိုအပ်သလို ပြုပြင်နိုင်စွမ်းမရှိသည့် စီးပွားရေးကဏ္ဍများတွင် တိုးပွားလာသည့် ဝယ်လိုအားကို လုံလောက်အောင် ထုတ်လုပ်ဖြည့်ဆည်း

ပေးနိုင်ခြင်းမရှိ၍ ပိုလျှံဝယ်လိုအားကြောင့် ဈေးနှုန်းများ သိသိသာသာမြင့်မားလာခြင်းကို စီးပွားရေး အဆောက်အအုံဆိုင်ရာ အားနည်းချက်များကြောင့်ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုဟု ဆိုပါသည်။

ထို့အပြင် ကုန်စည်နှင့်ဝန်ဆောင်မှုများထုတ်လုပ်ရာတွင် အသုံးပြုသော သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စက်ကိရိယာပစ္စည်းစသည်တို့၏ ဈေးနှုန်းများနှင့် လုပ်သားတို့၏လုပ်ခများ တိုးတက်လာခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်တိုးပွားလာပြီး ထုတ်လုပ်မှုကုန်ကျစရိတ် တိုးနှုန်းက ထုတ်လုပ်မှုတိုးနှုန်းထက်ပို၍ မြင့်မားခြင်းကြောင့်ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကို ထုတ်လုပ်မှုကုန်ကျစရိတ် တွန်းအားပေးမှုကြောင့်ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုဟု ဆိုလေ့ရှိပါသည်။ စားသုံးသူများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စုစုပေါင်းဝယ်လိုအားသည် ကုန်ပစ္စည်းများ၏ ရောင်းလိုအားထက် ပို၍များသောကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကို ဝယ်လိုအားဆွဲဆောင်မှုကြောင့် ဖြစ်ပေါ်စေသည့် ငွေကြေးဖောင်းပွမှုဟု ဆိုပါသည်။ လက်တွေ့တွင် ဝယ်လိုအားဆွဲဆောင်မှု၊ ထုတ်လုပ်မှုကုန်ကျစရိတ် တွန်းအားပေးမှုနှင့် စီးပွားရေးအဆောက်အအုံဆိုင်ရာ အားနည်းချက်များ စသည့်အကြောင်းအမျိုးမျိုးသည် ငွေကြေးဖောင်းပွမှုဖြစ်ပေါ်ချိန်တွင် အနည်းနှင့်အများ တစ်ပြိုင်နက်တည်းဖြစ်ပေါ်လေ့ရှိပြီး ကုန်ဈေးနှုန်းတက်ခြင်းများလည်း ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရင်းများမှာ လွန်ခဲ့သောနှစ်နှစ်အတွင်း ငွေကြေးပမာဏတိုးတက်မှုနှုန်း သိသာစွာ မြင့်မားခဲ့ခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းရာတွင် ငွေကြေးစုဆောင်းမှုဖြင့် အဓိကအားထားဖြည့်ဆည်းခြင်းမျိုးမဟုတ်ဘဲ ငွေစက္ကူသစ်များ ရိုက်နှိပ်ခြင်း သို့မဟုတ် အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းခြင်း၊ သဘာဝအန္တရာယ်ကြောင့် သီးနှံများ ပျက်စီးမှုဖြစ်ပေါ်သဖြင့် ပို့ကုန်တင်ပို့နိုင်မှု လျော့နည်းကျဆင်းခြင်းနှင့် ရောင်းလိုအားထိခိုက်မှုများဖြစ်ပေါ်ခြင်း၊ မိမိတို့၏ အဓိကပို့ကုန်များကျဆင်းခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းများ ကျဆင်းခြင်း၊ လုပ်ခ၊ လစာ၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်၊ ဝန်ဆောင်မှုကုန်ကျစရိတ်စသည်တို့ တိုးတက်လာခြင်းတို့ကြောင့် စရိတ်များမြင့်တက်လာကာ ဈေးနှုန်းများတက်လာခြင်း၊ ပြည်ပကြွေးမြီ ပေးဆပ်ရသည့်အတွက် ငွေရေးကြေးရေးဝန်ထုပ်ဝန်ပိုးတိုးတက်လာခြင်းနှင့် ပြည်သူများက ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမည်ဟုမျှော်လင့်ခြင်း(Expectation) နှင့် ကောလာဟလ လှုံ့ဆော်ထုတ်ဈေးကစားခြင်း

မူကြမ်း

(Speculation)တို့ကြောင့် ဝယ်လိုအားတိုးတက်လာခြင်းကြောင့်လည်းကောင်း ဈေးနှုန်းများတက်ခြင်းအချက်များတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုအခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၂.၈၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၂.၈၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၅.၇၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅.၉၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၁၁.၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးမြင့်တက်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ၈.၂၆ ရာခိုင်နှုန်းသို့ ပြန်လည်ကျဆင်းသည်ကို တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများအား လေ့လာရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စားသုံးသူဈေးဆနှုန်းမှာ ၁၃၀.၄၈ ဖြစ်၍ လွန်ခဲ့သော ၂၀၁၅ ခုနှစ် အောက်တိုဘာလအခြေအနေမှာ ၁၂၆.၀၆ နှင့်နှိုင်းယှဉ်ပါက ယခင်နှစ်ကထက် ၃.၅ ရာခိုင်နှုန်း မြင့်တက်လာတာကို တွေ့ရှိရပါတယ်။

သို့သော် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၏ စားသုံးသူဈေးဆနှုန်းကို ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃ ရာခိုင်နှုန်း ပြန်လည်တက်လာတာကို တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြုံငုံကြည့်လျှင် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)မှာ ယခင်လတွင် ၃.၉ ရာခိုင်နှုန်းရှိရာမှ ယခုလတွင် ၃.၅ ရာခိုင်နှုန်းဖြစ်သဖြင့် တိုးတက်နှုန်းအရှိန် ဆက်တိုက်လျော့နည်းလာကြောင်း တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းများမှာ အစားအစာအုပ်စုဈေးဆနှုန်းသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁၄၃.၁၇ ရှိပြီး ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၇.၅၉ ဖြစ်သည့်အတွက် ၄.၀ ရာခိုင်နှုန်း မြင့်တက်လာပြီး လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၄ ရာခိုင်နှုန်းမြင့်တက်လာသည်ကို တွေ့ရှိရပါတယ်။ ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စုဈေးဆနှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ ၁၂၅.၂၀ ရှိ၍ ယခင်နှစ်ဈေးဆနှုန်းမှာ ၁၁၉.၆၅ ဖြစ်တဲ့အတွက် ၄.၆၃ မြင့်တက်လာပြီး လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၃၇ ရာခိုင်နှုန်းကျဆင်းလာတာကို တွေ့ရှိရပါတယ်။ အဝတ်အထည်ဈေးဆနှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁၁၆.၃ ရှိ၍ ယခင်နှစ်ဈေးဆနှုန်းမှာ ၁၁၂.၈၁ ဖြစ်တဲ့အတွက် ၃.၁၀ ရာခိုင်နှုန်း မြင့်တက်လာပြီး လွန်ခဲ့သောလနှင့် နှိုင်းယှဉ်ပါက ၀.၃၁ သာမြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အိမ်လခနှင့်အိမ်ပြင်ခအုပ်စုဈေးနှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁၃၄. ၁၁ ရှိ၍ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၂၆.၁၈ ဖြစ်တဲ့အတွက် ၆.၂၉ မြင့်တက်လာပြီး လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၅၁ မြင့်လာပါတယ်။

**မူကြမ်း**

ဤအခြေအနေကိုကြည့်မယ်ဆိုရင် ဤအုပ်စုဈေးနှုန်းတွေမြင့်တက်လာခြင်းမှာ ပွင့်လင်းရာသီဖြစ်သည့်အပြင် ဝါကျွတ်ချိန်ဖြစ်သောကြောင့် အိမ်ငှားရမ်းသူများပြားလာ၍ အိမ်ငှားခဈေးနှုန်းမြင့်တက်လာခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများဝယ်ယူမှု များပြားလာ၍ ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့်ဖြစ်နိုင်ပါတယ်။ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းရေးအုပ်စုတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁၁၃.၂၃ ရှိ၍ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၀၉.၈၆ ဖြစ်တဲ့အတွက် ၃.၀၇ မြင့်တက်လာပြီး လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၃၀ မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ကျန်းမာရေးအုပ်စုဈေးဆနှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၁၃၀.၃၇ ရှိပြီး ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၀.၉ ဖြစ်တဲ့အတွက် ၇.၈၃ မြင့်တက်လာပြီး လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၂၅ မြင့်တက်လာတာကိုတွေ့ရှိရပါတယ်။ သယ်ယူပို့ဆောင်ရေးအုပ်စုဈေးဆနှုန်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၈၉.၈၂ ရှိ၍ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၉၃.၉၂ ဖြစ်တဲ့အတွက် ၄.၃၇ ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၇၄ ပြန်လည်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ အဆိုပါအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် ၂၈၉၁.၂၅ ကျပ်မှ ၃၀၄၁.၇၉ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၂၆၇၄.၈၇ ကျပ်မှ ၂၈၃၂.၉၇ ကျပ်သော်လည်းကောင်း အသီးသီးမြင့်တက်လာတဲ့အတွက် ဖြစ်ပါတယ်။ လောင်စာဆီတင်သွင်းသည့်ဈေးနှုန်းမှာ နိုင်ငံခြားငွေ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ တွက်ချက်ရသဖြင့် ငွေလဲနှုန်းမှာ ယခင်နှစ်ကထက်မြင့်တက်လာသောကြောင့် ကုမ္ပဏီဖြန့်သည့်ဈေးနှုန်းမှာ မြင့်တက်လာတာကို တွေ့ရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဈေးကွက်ဈေးနှုန်းနှင့် သုတေသနလုပ်ငန်းများ၊ တိုင်းဒေသကြီးအသီးသီး၏ဈေးကွက်သုတေသနသတင်းများစုစည်း၍ အခြေခံစားသုံးကုန် ကိုးအုပ်စု၏ ဈေးနှုန်းဈေးကွက်သတင်းများ စုစည်းလျက် သုံးသပ်လျက်ရှိပါတယ်။ ကုန်ဈေးနှုန်းများအလွန်အမင်းကျဆင်းပါကလည်း ထုတ်လုပ်သူများ ထိခိုက်နစ်နာခြင်း၊ အရှုံးများခြင်းကြောင့် ထုတ်လုပ်မှုကိုထိခိုက်ပြီး ကုန်ပစ္စည်းများရှားပါး၍ ဈေးနှုန်းမြင့်မားတဲ့ပြဿနာကို ပြန်လည်ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပန်းတောင်းမဲဆန္ဒနယ်က ဒေါ်ခင်နှင်းသစ်မေးတဲ့မေးခွန်းကို ကျွန်တော်တို့ ထိထိရောက်ရောက်လေး ဖြေစေချင်ပါတယ်။ ဒီ့ပြင်ဟာမဟုတ်ပါဘူး။

**မူကြမ်း**

မေးတဲ့မေးခွန်းက အရပ်ရပ်ကုန်စျေးနှုန်းတရိပ်ရိပ်တက်နေမှုကို ထိန်းချုပ်မည့်အစီအစဉ်မေးတာပါ။ အခု ဒီမှာက ငွေကြေးဖောင်းပွမှုအခြေအနေတွေ ရှင်းလင်းတင်ပြတယ်။ ပြည့်စုံမှုရှိပါတယ်။ ကိုယ်စားလှယ်အားလုံးလည်း ဗဟုသုတရပါတယ်။ နောက်တစ်ခါ ကုန်စျေးနှုန်းတက်လာတဲ့ အကြောင်းအရင်းတွေလည်း အကျယ်တဝင့်ပြောသွားပါတယ်။ ပြီးတဲ့အခါကျတော့ ကုန်စျေးနှုန်း မြင့်မားလာတဲ့နှုန်းထားတွေလည်း အသေးစိတ်ပြောသွားပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ ဗဟုသုတတော့ရပါတယ်။ သို့သော် ကျွန်တော်တို့က သတ်မှတ်ချိန်နဲ့ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေရတာဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့ အခု ငါးမိနစ်နှစ်ကြိမ်တိုးပြီးတော့ ၁၀ မိနစ်ထိပေးထားပါတယ်။ မေးတဲ့မေးခွန်းက ထိန်းချုပ်မည့်အစီအစဉ်မေးတာပါ။ ဒီတက်တဲ့အကြောင်းအရင်းတွေ၊ တက်တဲ့နှုန်းထားတွေ၊ ငွေကြေးဖောင်းပွတဲ့အခြေအနေတွေ အဲဒီဟာတွေကို အကျယ်တဝင့်အသေးစိတ် ပြောမယ့်အစား ကုန်စျေးနှုန်းတက်တဲ့အခြေအနေကို ထိန်းချုပ်မယ့်အစီအစဉ်ကို မေးတာပါ။ အဲဒီလို တိုတိုနဲ့လိုရင်းကို သတ်မှတ်ချိန်အတွင်းမှာ ပြီးစေချင်ပါတယ်။ အခု မိုက်ကို နှစ်မိနစ်တိုးပေးပါမယ်။ ဒီဟာကို ပြည့်စုံအောင်ပဲဖြေပေးပါ။

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

။ ။ ဟုတ်ကဲ့ခင်ဗျား။ နောက်ဆုံးအပိုင်းမှာ ကျွန်တော် တင်ပြပေးပါမယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းချက်တွင်ပါရှိတဲ့ အရပ်ရပ်ကုန်စျေးနှုန်းတရိပ်ရိပ်တက်နေခြင်းအတွက် အချို့ကုန်စည်များ စျေးနှုန်းသည် အတက်ချည်းမဟုတ်ဘဲ ကုန်စည်များရောင်းလိုအား၊ ဝယ်လိုအားနှင့် စျေးကွက်ပေါ် မူတည်၍ စျေးနှုန်းများတက်ခြင်း/ကျခြင်းများ ဖြစ်ပေါ်နေသည်ကိုတွေ့ရှိရပါတယ်။ လေ့လာသုံးသပ်ချက်အရ ထူးကဲစွာကုန်စျေးနှုန်းတက်ခြင်း/ကျခြင်းမျိုးမဟုတ်ဘဲ သာမန်အခြေအနေမျိုးတွင်သာ ဖြစ်လေ့ဖြစ်ထရှိသော ကုန်စျေးနှုန်းအတက်/အကျသာ ဖြစ်ပေါ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်စျေးနှုန်း ထိန်းညှိဆောင်ရွက်ရန် လိုအပ်သည့်အချိန်တွင် ပြည်တွင်းထုတ်လုပ်သည့် အချို့ကုန်စည်များအား ပြည်ပမှ တင်သွင်းခွင့်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာ- ပဲပြုတ်အတွက် စားတော်ပဲ၊ ပုစွန်ဖြူစသည်တို့ကိုလည်း တင်သွင်းခွင့်ပြုထားပါတယ်။ ထို့အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ စက်အပိုပစ္စည်းများ၊ တိရစ္ဆာန် ငါး/ပုစွန်အစာကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများနှင့်

ဆေးဝါးများကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)အရ ကုန်ထုတ်လုပ်ငန်းခွန်မကျသင့်သော ကုန်စည်များအဖြစ် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းသတင်းအချက်အလက်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ နေ့စဉ်ကုန်ဈေးနှုန်းသတင်းအချက်အလက်များကို ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပါသည်။ ကုန်ဈေးနှုန်းများကို အစိုးရက တိုက်ရိုက်ထိန်းချုပ်ဆုံးဖြတ်ပေးခြင်းမပြုဘဲ ရောင်းလိုအား(Supply)၊ ဝယ်လိုအား(Demand)တို့အပေါ်တွင်မူတည်၍ သတ်မှတ်ဆုံးဖြတ်ခြင်းဖြစ်ပါသဖြင့် ထိန်းညှိခြင်းကိုသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဈေးကွက်စီးပွားရေးစနစ်အရ ကုန်ဈေးနှုန်းအား အစိုးရမှ တိုက်ရိုက်ထိန်းချုပ်ရန်မသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့ အဖြေတွေဟာဆိုလို့ရှိရင် ကျွန်မမေးတဲ့မေးခွန်းတွေအပေါ်မှာ လိုအပ်ချက်တွေရှိနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်မကိုတစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဲဒီတော့ ခုနတုန်းက ဝန်ကြီးဖြေကြားသွားပေးတဲ့အထဲမှာဆိုလို့ရှိရင် သူက ကုန်ဈေးနှုန်းတွေကို သူပြောတာတွေက စားဝတ်နေရေး၊ လူမှုရေးလိုအပ်ချက်တွေနဲ့ပတ်သက်တဲ့ ကုန်ဈေးနှုန်းတွေကို အသေးစိတ်ဖော်ပြသွားပါတယ်။ ဖော်ပြသွားတဲ့ဖော်ပြချက်တွေထဲမှာ ရာခိုင်နှုန်းတွေအများစုပြောသွားတဲ့အထဲမှာ ကုန်ဈေးနှုန်းမြင့်တက်တယ်ဆိုတဲ့အကြောင်းအရာတွေကို တော်တော်များများမှာ ဖော်ပြသွားပါတယ်။ ဒီလိုဖော်ပြသွားပေမဲ့ သူ့ရဲ့ဒီလိုမျိုးပေါ့။ ပထမဖြေကြားချက်တွေ၊ ဥက္ကဋ္ဌကြီးပြောသလိုပဲ သူကအဓိကက အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ဈေးနှုန်းတွေကိုသာ ပြောသွားပြီးတဲ့အခါမှာ ကျွန်မရဲ့မေးခွန်းထဲမှာပါသလိုမျိုး သူဟာဘယ်လို ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ထိန်းချုပ်မယ့်အစီအစဉ် ရှိတယ်၊ မရှိဘူးဆိုတဲ့ကိစ္စကို တိတိကျကျ ဖြေသွားတာမရှိပါဘူး။ ဒါ့အပြင် ကျွန်မမေးတဲ့မေးခွန်း နံပါတ်(၃) အထဲမှာလည်းပါပါတယ်။ ဒီလိုမျိုးသူတို့စီစဉ်ဆောင်ရွက်ပေးတယ် ဆိုလို့ရှိရင်လည်း ဒါဟာ ပြည်သူလူထုရဲ့ လူမှုဘဝမှာ မည်မျှထိအကျိုးသက်ရောက်နိုင်သည်အထိ ရှိသလဲဆိုတဲ့မေးခွန်းများကို မဖြေသွားတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းများကို ဆက်လက်ဖြေကြားပေးပါလို့

ကျွန်မ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ဝန်ကြီးဌာနအနေနဲ့ အခုအဆင်သင့်မဖြစ်ရင်၊ နောက်ဖြေနိုင်တဲ့အခါကျမှ သက်ဆိုင်ရာကိုယ်စားလှယ်ကို အဖြေလွှာပို့ပေးလို့ရပါတယ်။

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ ဟုတ်ပါတယ်ခင်ဗျ။ ဒီဟာကတော့ ကျယ်ပြန့်တဲ့အတွက်ကြောင့် နောက်ခံအကြောင်းတွေရှိပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းဖို့အတွက် နောက်တစ်ကြိမ် Session မှာခွင့်ပြုပေးဖို့ မေတ္တာရပ်ခံပါတယ်။

**လဟယ်မြို့နယ်ရှိ ပုံညို၊ နန်းယွန်းမြို့နယ်ရှိ ပန်ဆောင်နှင့် လေရှီးမြို့နယ်ရှိ ဆွမ်ပရာဘွမ်တို့တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည်မှာ အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်ဖြစ်ပါတယ်။ နာဂဒေသမှာရှိနေကြတဲ့ ဒေသခံပြည်သူများကိုယ်စား နယ်စပ်ဈေးများဖွင့်လှစ်ပေးနိုင်ရေးကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒီပုံကတော့ ကျွန်တော်တို့ နယ်စပ်ဈေးတွေဖွင့်လှစ်နိုင်ဖို့အတွက် လျာထားတဲ့နေရာတွေပဲဖြစ်ပါတယ်။ အစိမ်းရောင်တွေနဲ့ ပြထားတဲ့လေးနေရာဖြစ်ပါတယ်။ ပထမနေရာကတော့ ကျွန်တော်တို့ လေရှီးမြို့နယ်၊ ဆွမ္မရာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လဟယ်မြို့နယ်မှာရှိတဲ့ ပုံညို၊ နော့ကုန်းနဲ့ လုံးဝသေခ် ပြီးတဲ့အခါမှာ နောက်တစ်ခုကတော့ နန်းယွန်းမြို့နယ်မှာရှိတဲ့ ပန်ဆောင်နေရာပဲဖြစ်ပါတယ်ခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်လာတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်ဖြစ်တဲ့ လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့နယ်တွေဟာ အိန္ဒိယနိုင်ငံရဲ့နယ်နိမိတ်ပြည်နယ်များဖြစ်တဲ့ နာဂလမ်း Arunachal Pradesh နဲ့ မဏိပူရ်စတဲ့ ပြည်နယ်တွေနဲ့ ဆက်စပ်နေပါတယ်။ တစ်ဖက်နိုင်ငံ အိမ်နီးချင်းပြည်နယ်ရဲ့မြို့တွေနဲ့ ကျေးရွာတွေဟာတော့ အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပေမယ့်

ကျွန်တော်တို့မြန်မာနိုင်ငံဘက်ခြမ်းရှိ ဝေးလံခေါင်သီတဲ့နယ်စပ်ဒေသဟာ ဘက်စုံချွတ်ခြုံကျနေဆဲ ဖြစ်ပါတယ်။ ဒီလိုနယ်စပ်ဒေသမှာနေထိုင်ကြတဲ့ ကျွန်တော်တို့နာဂလူမျိုးတွေရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဖြစ်နိုင်ခြေရှိတဲ့ စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်း တွေကို ပြည်သူ့အစိုးရတစ်ရပ်အနေနဲ့ ဆက်လက်ဖော်ဆောင်ပေးစေလိုပါတယ်။ ရိုးသားတဲ့ဒေသခံ ပြည်သူများဟာ မိမိတို့ဝမ်းစာအတွက် မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်ကို အားထားလုပ်ကိုင် ကြရပါတယ်။ ဒေသခံပြည်သူတွေဟာ တောင်ယာလုပ်ငန်းကို ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ရပေမယ့် ရရှိ တဲ့ ဆန်စပါး၊ ပြောင်းတွေဟာလည်း တစ်နှစ်တာပတ်လုံးအတွက် မလုံလောက်ပါဘူးခင်ဗျား။ နှစ်စဉ်အစာပြတ်လပ်ခြင်း၊ ငတ်မွတ်ခြင်းကို ဒေသခံပြည်သူများ ကြုံတွေ့ခံစားနေကြရတာ နှစ်အတော် ကြာနေပါပြီ။ နန်းယွန်းနဲ့ လဟယ်မြို့နယ်မှာရှိတဲ့ ဒေသခံတွေရဲ့ ဝမ်းစာဖူလုံရေးဟာဆိုရင် ၆၀ ရာခိုင်နှုန်းခန့်သာရှိတဲ့အတွက် ကျန်ကာလတွေမှာ တောထဲကရရှိတဲ့ သစ်ဥ၊ သစ်ဖုတွေကို ရောနှောပြီး တော့ စားသောက်ကြရပါတယ်။ ဒါကြောင့်လည်း အာဟာရချို့တဲ့ခြင်းနဲ့ လူပေါင်းများစွာအသက်ဆုံးရှုံး ခဲ့ရပြီး ဖြစ်ပါတယ်။ အချို့ဒေသခံပြည်သူတွေကတော့ တစ်ဖက်နိုင်ငံက စားနပ်ရိက္ခာတွေကို ဝယ်ယူ ခြင်းနဲ့ ဒေသထွက်ကုန်တွေကို ရောင်းချခြင်းများ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ တရားဝင်ခွင့်ပြုထားခြင်း မရှိတဲ့အတွက် တစ်ဖက်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေပေါ်မှာမူတည်ပြီးတော့ပဲ သွားလာလှုပ်ရှားရပါ တယ်။ အခန့်မသင့်ရင် ဖမ်းဆီးခံရတာတွေ အစားအသောက်ဝယ်ဖို့ မရှိမဲ့ရှိမဲ့ပါလာတဲ့ ငွေတွေတောင်မှ ပဲ သိမ်းဆည်း ခံရတာတွေရှိပါတယ်။ အခြားဝင်ငွေရအခွင့်အလမ်းတွေမရှိတဲ့အတွက်ကြောင့်၊ ဆင်းရဲ နွမ်းပါးခြင်းတွေကြောင့် ဒေသခံအချို့ဟာဆိုရင်တော့ ဝင်ငွေရရှိနိုင်တဲ့ဘိန်းကို စိုက်ပျိုးကြပါတယ်။ ဘိန်းစိုက်ပျိုးခြင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးကတော့ ဒေသခံပြည်သူတွေဟာ လူမှုစီးပွားဖွံ့ဖြိုးမလာဘဲ အချို့သောဒေသခံများ၊ အထူးသဖြင့် အနာဂတ်ခေါင်းဆောင်တွေဖြစ်လာကြမယ့် လူငယ်လူရွယ်တွေ ဟာ မျှော်လင့်ချက်များပျောက်ဆုံးပြီးတော့ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်တွေဖြစ်နေကြရပါတယ်။ ယခင် အစိုးရကနေစပြီးတော့ ဒေသခံပြည်သူတွေကို အစားထိုးစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ရန် အားပေး ခဲ့ပါတယ်။ ဒါပေမဲ့ လုံလောက်တဲ့နည်းပညာပိုင်းဆိုင်ရာပံ့ပိုးခြင်းနဲ့ ရင်းနှီးမတည်မှုတွေ စဉ်ဆက်မပြတ် မလုပ်ပေးနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ယခုအခါမှာတော့ ဒေသခံအချို့ဟာ အခြားဝင်ငွေရ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေကို လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။ စိုက်ပျိုးရေးအဖြစ်တော့ ချဉ်ပေါင်ဖာလာ(ခေါ်) အလာချီ၊ လက်ဖက်၊ ပန်းသီး၊ လိမ္မော် စတဲ့ ဒေသနဲ့ကိုက်ညီတဲ့ စိုက်ပျိုးရေးကို လုပ်ကိုင်နေကြပေမယ့် ဈေးကွက်အာမခံချက်ရှိပြီးတော့ တရားဝင်ရောင်းချနိုင်မယ့်နေရာ မရှိသေးဘူးဖြစ်နေပါတယ်။ ခရီးမိုင်

အကွာအဝေးနဲ့ ဒေသထွက်ကုန်တွေကို စားသုံးနိုင်မယ့်လူဦးရေအရ ပြည်မကြီးဘက်ကို တင်ပို့ရောင်းချခြင်းထက် အိမ်နီးချင်းနယ်စပ်မြို့တွေဆီ ရောင်းချခြင်းက ပိုမိုအကျိုးရှိစေမှာဖြစ်ပါတယ်။ ဒီလိုနယ်စပ်စျေးတွေ ဖွင့်လှစ်ပေးနိုင်မှသာ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားအခြေအနေဟာလည်း အတိုင်းအတာတစ်ခုအထိ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းလိုတာကတော့ ၂၀၁၃ ခုနှစ်ကတည်းက နယ်စပ်စျေးများ ဖွင့်လှစ်နိုင်ရေးအတွက် နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ၊ သဘောတူညီချက်များရှိခဲ့သည်ဟု သိရှိရသော်လည်း ယနေ့ထိတိုင် နယ်စပ်စျေးများအဖြစ် လဟယ်မြို့နယ်တွင် ပုံညိုနှင့် လုံးဝသင်၊ နန်းယွန်းမြို့နယ်တွင် ပန်ဆောင်နှင့် လေရှီးမြို့နယ်တွင် ဆွမ္မရာတို့တွင် တစ်စုံတစ်ရာ စတင် အကောင်အထည်ဖော်လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည်မှာ အဘယ့်ကြောင့်နည်း။ အကယ်၍ ဒေသခံပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမယ့် နယ်စပ်စျေးများ တရားဝင်ဖွင့်လှစ်ပေးမည့်အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်နည်း၊ မည်သည့် ဘဏ္ဍာရေးနှစ်လောက်တွင် နယ်စပ်စျေးများ ဆောက်လုပ်ပြီးစီးရန် လျာထားပါသနည်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မည်သည့်ခုနှစ်လောက်တွင် နယ်စပ်စျေးများ၌ တရားဝင်ရောင်းဝယ်မှု ပြုလုပ်နိုင်မည်နည်း။ အကယ်၍ နယ်စပ်စျေးများဖွင့်လှစ်ရန် အစီအစဉ် မရှိပါက အဘယ့်ကြောင့်နည်းကို ဒေသခံပြည်သူများသိရှိနိုင်ရန် ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ လဟယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လဟယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော အိန္ဒိယနယ်စပ်ဖွင့်လှစ်မည့်စျေးများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

နေ့တွင် ကျင်းပပြုလုပ်သော စတုတ္ထအကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲ ကော်မတီအစည်းအဝေး သဘောတူညီချက်အရ နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် အပြန်အလှန်သဘောတူညီမှုရရှိနိုင်သော နေရာများတွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးကို မူအားဖြင့် နှစ်ဖက်သဘောတူညီခဲ့ကြပါတယ်။ အဆိုပါ သဘောတူညီချက်အရ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာအား ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါနားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရန်အတွက် မြန်မာ-အိန္ဒိယနယ်စပ်ဈေးပူးတွဲကော်မတီကိုဖွဲ့စည်းကာ ပထမအကြိမ် မြန်မာ-အိန္ဒိယနယ်စပ်ဈေး ပူးတွဲကော်မတီ အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးနေရာ၊ ချင်းပြည်နယ်အတွင်း ငါးနေရာတို့တွင် နှစ်နိုင်ငံ နယ်စပ်ဈေးများဖွင့်လှစ်ရန် သဘောတူညီခဲ့ကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရန် ဆောင်ရွက်မည့် ငါးနေရာမှာ (က) မြန်မာဘက်မှ Pangsau(ပန်ဆောင်)နှင့် အိန္ဒိယဘက်မှ Pangsau Pass၊ (ခ) မြန်မာဘက်မှ Somara(ဆွမ္မရာ)နှင့် အိန္ဒိယဘက် Avakhung၊ (ဂ) မြန်မာဘက်မှ Yangkyon(ရန်းကြုန်း)နှင့် အိန္ဒိယဘက်မှ Pangsha၊ (ဃ) မြန်မာဘက်မှ Ponnyo (ပုံညို)နှင့် အိန္ဒိယဘက်မှ Chemoho၊ (င) မြန်မာဘက်မှ Khampat(ခမ်းပက်)နှင့် အိန္ဒိယဘက်မှ New Somtal တို့ ဖြစ်ပါတယ်။

ချင်းပြည်နယ်အတွင်း ဖွင့်လှစ်ဆောင်ရွက်မည့် ငါးနေရာမှာ (က) မြန်မာဘက် မှ Khin Man(ခင်မန်း)နှင့် အိန္ဒိယဘက်မှ Behiang၊ (ခ) မြန်မာဘက်မှ Lei Let(လေးလက်)နှင့် အိန္ဒိယဘက်မှ Vaphai၊ (ဂ) မြန်မာဘက်မှ Dar Khai(ဒါရ်ခိုင်း)နှင့် အိန္ဒိယဘက်မှ Hnah Lan၊ (ဃ) မြန်မာဘက်မှ Thau(ထာအို)နှင့် အိန္ဒိယဘက်မှ Pangkhua၊ (င) မြန်မာဘက်မှ Frtlang (ဖါရ်တလန်)နှင့် အိန္ဒိယဘက်မှ Zote တို့ဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ်ဈေးများ ဖွင့်လှစ်ရန် သဘောတူညီချက်ရရှိထားသည့်နေရာတွင် နယ်စပ်ဈေးများဖွင့်လှစ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၇-၈-၂၀၁၄ ရက်စွဲပါ ပြန်ကြားလျက်ရှိရာမှာ ပန်ဆောင်ဒေသနှင့် ဆက်စပ်လျက်ရှိသော Arunachal Pradesh ပြည်နယ်သည် အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား ပိုင်ဆိုင်မှုအငြင်းပွားသည့်နေရာဖြစ်၍ အိန္ဒိယဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ

**မူကြမ်း**

အကြား နယ်မြေအငြင်းပွားမှုတွင် မြန်မာနိုင်ငံမှ ၎င်းတို့၏ရပ်တည်ချက်အား ထောက်ခံသည့်သဘော မျိုးပြုလုပ်နိုင်သဖြင့် သတိပြုဆောင်ရွက်သွားရန်ဖြစ်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့ပါတယ်။

ဒါအပြင် အဆိုပါနယ်စပ်ဈေးဖွင့်လှစ်မည့်ခမ်းပတ်နေရာတွင် နှစ်နိုင်ငံနယ်မြေအပေးအယူကိစ္စ များ လုပ်ဆောင်ရန် ကျန်ရှိနေသေးကြောင်း၊ ပုံညိုဒေသတွင်လည်း နယ်နိမိတ် မှတ်တိုင် (၁၄၅)နှင့် (၁၄၆)တို့ကြားတွင် အိန္ဒိယဘက်မှ အဆောက်အဦ ၄/၅ လုံးခန့် နယ်နိမိတ်ကျူးကျော်၍ ဆောက်လုပ် ထားခြင်းများ ရှိပါကြောင်း၊ ရဟတ်ယာဉ်ကွင်းကိုလည်း နယ်နိမိတ်မျဉ်းပေါ်တွင် တည်ဆောက်ထား သည်ကို တွေ့ရှိရပါကြောင်း၊ ချင်းပြည်နယ်ဘက်မှ ကနဦးစတင်ဖွင့်လှစ်ခြင်းမျိုးဖြင့် ညှိနှိုင်းဆောင်ရွက် ရပါက ပိုမိုသင့်လျော်မည့်ဆွေးနွေးမှု ရရှိခဲ့ပါတယ်။ ထပ်မံ၍ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ၂၉-၆-၂၀၁၅ ရက်စွဲပါဖြင့် သဘောထားမှတ်ချက် ထပ်မံပေးပို့လာရာတွင် အိန္ဒိယ-မြန်မာ နယ်နိမိတ်တိုင်းတာမှု အခြေအနေမှာ အချို့သောနေရာတွင် နှစ်နိုင်ငံသဘောထားချင်း အမြင်မတူမှုကြောင့် တိုင်းတာမှု မပြီးသေးပါကြောင်း။ ထို့ကြောင့် နယ်နိမိတ်ပြဿနာရှိသည့်နေရာများ၊ အိန္ဒိယ-တရုတ်နယ်နိမိတ် အငြင်းပွားနေရာများ၊ နယ်နိမိတ်ကျူးကျော်မှုရှိသည့်နေရာများတွင် နယ်စပ်ဈေးများ ဖွင့်လှစ်ခြင်းကို ရှောင်ရှားရန် ယေဘုယျအားဖြင့် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ပေးခဲ့ပါသည်။ လတ်တလောအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်နေရာများတွင် မြန်မာ-အိန္ဒိယ နယ်စပ်ဈေးများ ဖွင့်လှစ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် များအရ လည်းကောင်း၊ မိမိဘက်ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ လည်းကောင်း၊ နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များရှင်းလင်းရန် ကျန်ရှိနေသေးခြင်းများကြောင့် လည်းကောင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် နှစ်နိုင်ငံနယ်နိမိတ်ကိစ္စရပ်များ ရှင်းလင်း ပြီးဖြစ်သည့် ချင်းပြည်နယ်အတွင်း သတ်မှတ်နေရာများတွင် ကနဦးနယ်စပ်ဈေးစတင် ဖွင့်လှစ်နိုင်ရေး အတွက် အိန္ဒိယဘက်နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြို့နယ်များဖြစ်ရာ နှစ်နိုင်ငံကူးလူးဆက်ဆံမှုများ ရှိခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်တွင် ကျင်းပပြုလုပ် ခဲ့သည့် အိန္ဒိယ-မြန်မာ နယ်စပ်ပူးတွဲကော်မတီအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ နယ်စပ်ဒေသများအား ဦးစားပေးဆောင်ရွက်သွားရန် ဆုံးဖြတ်ချထားခဲ့ပါတယ်။ လေရှီးမြို့တွင် ဆွမ္မရာ၊ လဟယ်မြို့တွင်

ပုံညိုတို့နဲ့ ဆက်လက်ဖွင့်လှစ်ရန် လျာထားခဲ့ပါသည်။ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ရှိ မြန်မာ-အိန္ဒိယနယ်စပ်ဈေးသည် ဧရိယာ ၈.၀၂ ဧကရှိပြီး နယ်စပ်ဈေးအရှေ့ဘက်တွင် ပန်ဆောင်မြို့၊ အနောက်ဘက်နှင့်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် လီဒိုလမ်းမကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၊ နန်ပေါင်မြို့ နှင့် ၇ ဖာလုံခန့်အကွာတွင် ရှိပါတယ်။ အဆိုပါဈေးတွင် ဆိုင်ခန်းပေါင်း ၁၅၀ ခန့်၊ ကော်မတီဈေးရုံး တစ်ရုံးနှင့် ဂါလန် ၅၀၀ ဆံ့ရေကန်တစ်ကန်၊ ၅ ခန်းတွဲအိမ်သာ နှစ်လုံး၊ ဂိုဒေါင် တစ်လုံး၊ စားသောက်ဆိုင်တစ်လုံး တည်ဆောက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန် ပါရှိပါတယ်။ လဟယ်မြို့နယ်တွင် နယ်စပ်ဈေးဖွင့်လှစ်ရန်လျာထားသည့် ပုံညိုကျေးရွာအုပ်စုတွင် နယ်နိမိတ်မျဉ်းအား ကျူးကျော်ဆောက်လုပ်ထားသည့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုထားပါတယ်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း အိန္ဒိယစစ်တပ်နှင့် နာဂငြိမ်းချမ်းရေးတပ်ဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့၍ နယ်စပ်ဈေးလျာထားချက်အား လတ်တလောပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။ လေရှီးမြို့နယ်၊ ဆွမ္မရာမြို့တွင် နယ်စပ်ဈေးဖွင့်လှစ်ပါက နှစ်နိုင်ငံပြည်သူများ ကုန်စည်ကူးလူးဆက်ဆံမှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ နိုင်ငံဖြတ်ကျော်မှုကိစ္စများ၊ လူကုန်ကူး/မှောင်ခိုကိစ္စများ လုံခြုံရေးစနစ်တကျ စီမံဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ် ဆွမ္မရာ၊ လဟယ်၊ ပုံညို၊ နန်းယွန်း၊ ပန်ဆောင်တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ဈေးများ ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုနည်းလမ်း(Mode of Operation)အား နှစ်နိုင်ငံညှိနှိုင်းပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဤသို့ဆောင်ရွက်ရာတွင်ဆိုတဲ့အတွက်ကြောင့် နယူးဒေလီမြို့၌ ၉-၈-၂၀၁၆ ရက်နေ့မှ ၁၀-၈-၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်(၁၅)ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များပါသော မူဝါဒရေးရာညှိနှိုင်းအစည်းအဝေးတို့တွင် အိန္ဒိယဘက်သို့ အကြံပြုခဲ့ကြောင်း သိရှိရပါတယ်။ ထို့အပြင် နယ်စပ်ဈေးများ ဖွင့်လှစ်ရာတွင် လိုက်နာရမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း(Mode of Operation)ကို နှစ်နိုင်ငံရေးဆွဲပြင်ဆင်လျက်ရှိရာ အဆိုပါနယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း (Mode of Operation)ကို ဒုတိယအကြိမ် မြန်မာ-အိန္ဒိယနယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေးတွင် အတည်ပြုလက်မှတ်ထိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အိန္ဒိယ-မြန်မာ

နယ်စပ်ဈေးဖွင့်လှစ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ချင်းပြည်နယ်ဘက်မှ ကနဦးဖွင့်လှစ်ရန် ပြောင်းလဲစီစဉ်ရခြင်းဖြစ်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာ-အိန္ဒိယ နယ်နိမိတ်ကိစ္စရပ်များ ပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဈေးများကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိအချိန်တွင် နယ်စပ်ဈေးများဖွင့်လှစ်ရာတွင် လိုက်နာရမည့် နယ်စပ်ဈေးများစီမံခန့်ခွဲမှုနည်းလမ်း (Mode of Operation)အား နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထောင်စုဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဆီဆိုင်- ပန်ကန်းစကားလမ်းမှ ဆောင်ရွက်ရန် ကျန်ရှိနေသော ကျောက်ချောလမ်း ၃ မိုင်အား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်း ၁၀ မိုင်အား ကျောက်ချောလမ်းအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအား မေးခွန်းမေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဆီဆိုင်မြို့နှင့် ညောင်ရွှေမြို့နယ်အောက်ပိုင်း မိုးပြဲရေကာတာ၊ စကားအင်းအရှေ့ဘက်ကမ်းရှိ စကားမြို့နှင့်ဆက်သွယ်ထားသော ဆီဆိုင်-စကားလမ်းဟာ လွတ်လပ်ရေးမတိုင်မီကာလက ဖောက်လုပ်ခဲ့ပြီး ဒေသခံပြည်သူများ ထုတ်ကုန်သယ်ယူပို့ဆောင်ခြင်းအတွက် အဓိကအားထားကူးလူးသွားလာရာလမ်းတစ်လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းတစ်လျှောက်တွင် စိုက်ပျိုးမြေပေါ်များကောင်းမွန်ပြီးတော့ စပါး၊ ပြောင်း၊ ပဲစင်းငုံနှင့် အခြားသီးနှံများ အများအပြားထွက်ရှိသောဒေသလည်း ဖြစ်ပါတယ်။ ဆီဆိုင်-ပန်ကန်းစကားမှတစ်ဆင့် အထင်ကရ

အင်းလေးကန်သို့ လည်းကောင်း၊ ဆီဆိုင်-ပန်ကန်းစကား တုံဟုံးစကားမှတစ်ဆင့် ပင်လောင်း-နေပြည်တော်ကို ချိတ်ဆက် ဆက်သွယ်ထားသော လမ်းလည်းဖြစ်ပါတယ်။ အဲဒီလမ်းဟာ အရှည် ၁၇ မိုင်ရှိပြီး လမ်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၄ မိုင်၊ ကျောက်ချောလမ်း ၃ မိုင်၊ မြေသားလမ်း ၁၀ မိုင် ဆောင်ရွက်ခဲ့ပါတယ်။ မြေသားလမ်း ၁၀ မိုင်ဟာ တောင်ပေါ်လမ်းပိုင်းဖြစ်သဖြင့် မိုးတွင်းကာလ၌သွားရေး၊ လာရေးလွန်စွာခက်ခဲကြောင်းနှင့် ဒေသထုတ်ကုန် ပို့ဆောင်ရောင်းချရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် သယ်ယူစရိတ်မတန်တဆကြီးမားစွာ ပေးဆောင်နေရခြင်းကြောင့် တန်ဖိုးနည်းနိမ့်ကျနေတဲ့ ဒေသထွက်သီးနှံများအတွက် ဝန်ထုပ်ဝန်ပိုး ပိုမိုဖြစ်ပေါ်စေပြီးတော့ ဒေသနေတိုင်းရင်းသားပြည်သူများ ဆင်းရဲမှု၊ စားဝတ်နေရေးအခက်အခဲကို ပိုမိုဖြစ်စေလျက်ရှိကြောင်း ဒေသခံများက တင်ပြပြောကြားလာပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ သီးနှံထုတ်ကုန်များ သယ်ယူရောင်းချရာတွင် ဈေးနှုန်းသက်သာစေရန်နှင့် ကူးလူးသွားလာမှု လွယ်ကူလျင်မြန်စေရန်အတွက် ကျန်ရှိသော ကျောက်ချောလမ်း ၃ မိုင်အား ကတ္တရာလမ်းအဖြစ်သို့ လည်းကောင်း၊ မြေသားလမ်း ၁၀ မိုင်အား ကျောက်ချောလမ်းအဖြစ်မှ ကတ္တရာလမ်းအဖြစ်သို့ လည်းကောင်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံမဲဆန္ဒနယ်ရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးမှ မေးမြန်းထားတဲ့ ဆီဆိုင်မြို့နယ်- ဆီဆိုင်မြို့နှင့် ညောင်ရွှေမြို့နယ်- အောက်ပိုင်းစကားမြို့ ဆက်သွယ်ထားတဲ့ ဆီဆိုင်- ပန်ကန်းစကားလမ်းသည် အရှည် ၁၇ မိုင်ရှိပြီးတော့ လမ်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာ ၄ မိုင်၊ ကျောက်ချောလမ်း ၃ မိုင် ဆောင်ရွက်ခဲ့ပြီး ကျန် ၁၀

မိုင်အား မြေသားလမ်းဆောင်ရွက်ပေးခဲ့ရာ ကျန်ရှိတဲ့ ကျောက်ချောလမ်း ၃ မိုင်အား ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း၊ မြေသားလမ်း ၁၀ မိုင်အား ကျောက်ချောလမ်းအဖြစ်သို့ လည်းကောင်း ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းမှာရှိတဲ့ ဆီဆိုင်-စကားလမ်းဟာ မိုင်တိုင် (၀/၀) မှ (၃၁/၀) အထိ ၃၁ မိုင် ရှည်လျားပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ဆီဆိုင်-စကားလမ်းရဲ့ မိုင်တိုင် (၀/၀) မှ (၁၇/၀) အထိ ၁၇ မိုင် အစိတ်အပိုင်းဟာဆိုရင် ဆီဆိုင်မြို့နယ်အပိုင်းဖြစ်ပြီးတော့ လက်ရှိလမ်းအနေအထားကတော့ ကတ္တရာလမ်း ၄ မိုင်၊ ကျောက်လမ်း ၂ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၃ ဖာလုံ၊ မြေလမ်း ၁၀ မိုင် စုစုပေါင်း ၁၇ မိုင်ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၆၇.၈၇၂၅ သန်းနှင့် (၄၀ပေx ၃၄ပေ)ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားတစ်စင်း တည်ဆောက်ခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဆိုရင် ဆီဆိုင်မြို့နယ်အတွင်းဆောင်ရွက်ရန်ကျန်ခဲ့တဲ့ အပိုင်းများဖြစ်တဲ့ မိုင်တိုင် (၄/၀) မှ (၇/၀) အထိ ၃ မိုင် မူလကျောက်လမ်းနဲ့ အာမခံလမ်းအား ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်း၊ မိုင်တိုင် (၇/၀) မှ (၁၃/၀) အထိ ၆ မိုင် မူလမြေလမ်းကို ကျောက်လမ်း အဆင့်သို့တိုးမြှင့်ခြင်းနှင့် မိုင်တိုင် (၁၃/၀) မှ (၁၇/၀) အထိ ၄ မိုင်အား သတ်မှတ်လမ်းတာဘောင် အကျယ်ရရှိစေရန် မြေသားတာဘောင်တင်ခြင်း လုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိတဲ့အပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ အပိုင်းများဖြစ်တဲ့ မိုင်တိုင် (၇/၀) မှ (၁၃/၀) အထိ ၆ မိုင်ကို ကျောက်လမ်းကနေပြီးတော့ ကတ္တရာလမ်း အဆင့်တိုးမြှင့်ခြင်း၊ မိုင်တိုင် (၁၃/၀) မှ (၁၇/၀) အထိ ၄ မိုင်အား မြေလမ်းအဆင့်ကနေပြီးတော့ ကျောက်လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်းကောင်း မိုင်တိုင် (၁၃/၀) မှ (၁၇/၀) အထိ ၄ မိုင်ကို ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာလည်းကောင်း စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်မှာ တစ်လမ်းလုံး ကတ္တရာလမ်း

အဆင့်သို့ ရောက်ရှိမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒလမြို့နယ်ရှိ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်ရှိ တံတားပြုပြင်ရန်နှင့် ပုံစံထုတ်ယူရန် ဒလ-ခနှတ်ကားလမ်းကို ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်မှာရှိတဲ့ သခွပ်တံတားကိစ္စနှင့် လမ်းတိုးချဲ့လိုတဲ့ကိစ္စနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အကြောင်းကတော့ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၃/၁)တွင်ရှိသော တံတားအမှတ်(၁/၁၄) သခွပ်တံတားဟာ စစ်ဆေးတွေ့ရှိရတဲ့အခြေအနေထဲက ကမ်းကပ်ခုံအခြေပြုပြင်ရန်၊ ကြမ်းခင်းများပြုပြင်ရန်၊ ချဉ်းကပ်လမ်းတာပေါင်ချဲ့ရန်နှင့် ကာကွယ်တိုင်များပြုလုပ်စိုက်ထူရန် ဒလမြို့နယ် လမ်းဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ လမ်းဦးစီးဌာနသို့ တင်ပြထားတယ်လို့ သိရှိရ ပါတယ်။ ဒီတင်ပြမှုအရ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက် နေ့စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန သို့လည်း ဆက်လက်တင်ပြထားကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။ ၁၄-၈-၂၀၁၆ ရက်နေ့ ဒလမြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်တဲ့ မြို့နယ်လမ်းဦးစီးဌာနရဲ့တင်ပြမှုအရ ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်လေ့လာတဲ့အခါမှာ အကျယ် ၁၇ ပေ၊ အလျား ၄၉၆ ပေရှိသော သခွပ်တံတားဟာ ကြမ်းခင်းအောက် ကွန်ကရစ်ကာဗာများပိတ်၍ သံချောင်းများထွက်ခြင်း၊ ကြမ်းခင်းဆက်ကြောင်း အဆက်များထိပ်ပဲ့၊ အက်ကြောင်းများဟလာခြင်းများ တွေ့ရပါတယ်။ ဒါ့အပြင် ဝန်လေးယာဉ်များ သွားလာသောအချိန်တွင် ကွန်ကရစ်ကာဗာများမှ အစငယ်များ ကွာကျလာသည်ကို မျက်မြင်တွေ့ခဲ့ရပါတယ်။ တံတားရဲ့ကြမ်းခင်းယက်မများမှာလည်း

အားနည်းနေပြီဖြစ်ကြောင်း သိရပါတယ်။ အဲဒီမှာ နေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ယာဉ်စီးရေဟာ ADD ၅၀၀ စီးနှုန်းရှိနေတဲ့အပြင် ဒလမြို့နှင့် ကော့မှူးမြို့နဲ့ ကွမ်းခြံကုန်းမြို့နယ်များသို့ ဆက်သွယ်ထားသောလမ်းတွင် အဓိကကျသောတံတားဖြစ်နေခြင်း၊ အဲဒီလမ်းမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံအထိပင် ပေါက်သောလမ်းဖြစ်ပြီး ဒလမြို့နယ်အတွင်းမှ ရွာပေါင်း ၅၀ ခန့် လူမှုစီးပွားရေးဘဝများကို အကျိုးပြုနေတဲ့လမ်းလည်းဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် ၁၄ မိုင်အရှည်ရှိ ဒလ-ခနုတ်ကားလမ်းမှာ ၁၂ ပေအကျယ်ရှိသော်လည်း အဆိုပါလမ်းကိုအသုံးပြုသည့် ယာဉ်စီးရေဟာ တစ်နေ့တခြားတိုးတက်များပြားလာပြီး ၁၀ တန်အထက် ကားကြီးများပင် ဖြတ်သန်းသွားလာနေရပါတယ်။ ဒီလိုယာဉ်ကြီးများဖြတ်သန်းသွားတဲ့အခါမှာ ယာဉ်ကြောကျဉ်းမြောင်းကျပ်တည်းတဲ့အတွက် လမ်းပိတ်ဆို့မှု မကြာခဏဖြစ်ပြီး ကွန်ကရစ်လမ်းဘေးသို့ ချော်ကျခြင်း၊ လမ်းပျက်စီးခြင်း၊ ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားခြင်း၊ ခရီးသွားများ ထိခိုက်ဒဏ်ရာရခြင်းများ တစ်နေ့ထက်တစ်နေ့ တိုးတက်များပြား ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ် ဘေးကင်းလုံခြုံရေး မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်ရေးအတွက် အောက်ပါမေးခွန်းများ မေးရခြင်းဖြစ်ပါတယ်။ မေးခွန်းများကတော့ (က)ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်မှာရှိတဲ့ တံတားပြုပြင်ရန်နှင့် ပုံစံထုတ်ရန်၊ (ခ) ဒလ-ခနုတ်ကားလမ်းကို ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ရန်အတွက် ၂၀၁၆-၂၀၁၇ RE ဘတ်ဂျက်တွင်ဖြစ်စေ၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ။ မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးအား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးမှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်မှာရှိတဲ့ တံတားပြုပြင်ရန်နှင့် ပုံစံထုတ်ယူရန်

နှင့် ဒလ-ဓနုတ်ကားလမ်းပေါ်မှာ ၁၂ ပေအကျယ်ကနေပြီးတော့ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ရန်အတွက် ၂၀၁၆-၂၀၁၇ RE ဘတ်ဂျက်တွင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့် ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်အတွင်းမှာရှိတဲ့ ဒလ-ဓနုတ်ကားလမ်းအပိုင်းဟာဆိုရင် ၁၃ မိုင် ၅ ဖာလုံရှည်လျားပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေကတော့ ၁၂ ပေအကျယ် ကွန်ကရစ်လမ်း၊ ၁၃ မိုင် ၁/၂ ဖာလုံနှင့် ၁၂ ပေအကျယ် ကတ္တရာလမ်း ၄ ၁/၂ ဖာလုံ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိတဲ့ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်းပေါ်မှာတည်ရှိတဲ့ သခွပ်မြစ်ကူးတံတားအမှတ် (၁/၁၄) အကျယ် ၁၇ ပေ၊ အရှည် ၄၉၆ ပေဟာဆိုရင် ၁၉၉၁ ခုနှစ်တွင် ယခင် တိုင်းဆောက်လုပ် ရေး ၁၃၊ ယခု တံတားအထူးအဖွဲ့ ၁၀ မှ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသဖြင့် နှစ်ပေါင်း ၂၅ နှစ်ကြာမြင့်နေပြီ ဖြစ်ပါတယ်။ ပင်လယ်နှင့်နီးပြီးတော့ ဆားငန်ရေငွေ့ကြောင့် Deck Slab များရဲ့ သံချောင်းများ သံချေးစား၍ ကွန်ကရစ်ကာဗာများကွာကျပြီးတော့ အားဖြည့်သံချောင်းများ ပေါ်ထွက်လာခြင်း၊ ကြမ်းပေါက်များဖြစ်ပေါ်လာခြင်းတို့ကြောင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၀ မှ သံချောင်းများကို ချေးချွတ်ပြီး သံချေးကာကွယ်ဆေး (Anticorrosive Paint သုတ်၍ ကွန်ကရစ်ဖြင့် အားဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကြမ်းခင်းဆက်ကြောင်းအဆက် Expansion Joint များ အသစ်လဲလှယ်ခြင်းနှင့် တံတားအပေါ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအရ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒလ-ဓနုတ်လမ်းပိုင်း မိုင်း (၀/၄) ကနေပြီးတော့ မိုင် (၁၃/၅) အတွင်းမှာရှိတဲ့ ၁၂ မိုင် ၇ ဖာလုံ ၃၈၆ ပေအား လက်ရှိ မြေသားတာပေါင် ၁၈ ပေအကျယ်မှ ၃၄ ပေအကျယ်ချဲ့ရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၂၅၈.၉၆၂ သန်းနှင့် မိုင် (၀/၄) မှ မိုင် (၈/၅)အတွင်း ၈ မိုင် ၂၂၈ ပေအား ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းနှင့် အမာခံလမ်းပုခုံး တစ်ဖက် ၄ ပေအကျယ်အဖြစ် တိုးချဲ့ရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၁၄၈၂.၁၈ သန်းဖြင့် စုစုပေါင်းကျပ် ၁၇၄၁.၁၄၂ သန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း၊ ကျန်ရှိသည့်မိုင် (၈/၅)မှ (၁၃/၅) အတွင်း ၄ မိုင် ၇ ဖာလုံ ပေ ၁၆၀ အား ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းနှင့် အမာခံလမ်းပခုံး တစ်ဖက်လေးပေအကျယ်အဖြစ် တိုးချဲ့ရန် ခန့်မှန်းကုန်ကျငွေကျပ်

၉၀၃.၉၃၈ သန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေတွင်လည်းကောင်း တင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိရပါတယ်ခင်ဗျား။

**အန္တရာယ်ရှိသောတံတားအဖြစ် ပျက်စီးနေသော ရွှေမြစ်ကူးမြောင်းမြကြိုးတံတားအစား တန်(၆၀) ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရန်ကုန်-မြောင်းမြ-လပွတ္တာကားလမ်းပေါ်ရှိ သက်တမ်းကြာမြင့်၍ အန္တရာယ်ရှိသောတံတားအဖြစ် ပျက်စီးယိုယွင်းနေသော ရွှေမြစ်ကူးမြောင်းမြကြိုးတံတားအစား တန် ၆၀ ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းလိုခြင်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ မြောင်းမြကြိုးတံတားဟာဆိုရင် ရန်ကုန်-မြောင်းမြ-လပွတ္တာကားလမ်းပေါ်မှာတည်ရှိပြီးတော့ ရွှေမြစ်ကူးကြိုးတံတားတစ်စင်းပဲ ဖြစ်ပါတယ်။ ဒီတံတားဟာဆိုရင် မြောင်းမြမြို့နယ်ရှိ လူဦးရေသုံးသိန်းကျော်အတွက်သာမကဘဲ လပွတ္တာမြို့နယ်မှာရှိတဲ့ လူဦးရေနှစ်သိန်းကျော်အတွက်ပါ အရေးကြီးတဲ့တံတားတစ်စင်းဖြစ်ပြီးတော့ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ အချိန်မီပေးပို့နိုင်ရန်အတွက် မရှိမဖြစ်အရေးပါသော တံတားတစ်စင်းပဲ ဖြစ်ပါတယ်။ မြောင်းမြကြိုးတံတားဟာဆိုရင် တံတားအရှည် ပေ ၁၄၀၀ ကျော်ရှိပြီးတော့ ရေလမ်းကင်းလွတ်အမြင့် ၅၉ ပေရှိပါတယ်။ စတင်တည်ဆောက်ခဲ့တဲ့နှစ်ကတော့ ၁၉၉၄ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီးတော့ ၁၉၉၆ ခုနှစ်မှာ စတင်အသုံးပြုခဲ့ပါတယ်။ စတင်အသုံးပြုချိန်မှာ ခွင့်ပြုတန်ချိန်ဟာ တန် ၆၀ ရှိခဲ့ပါတယ်။ စီမံကိန်းရဲ့တန်ဖိုးကတော့ ကျပ်သိန်းပေါင်း ၄၇၀၀ နှင့် US ဒေါ်လာ 1.5 Million ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုအခါမှာတော့ နှစ်သက်တမ်း ၂၀ ကျော်ကြာသုံးစွဲခဲ့ပြီးတော့

သက်တမ်းကြာမြင့်၍ အိုမင်းလာတဲ့အပြင် နာဂစ်ကာလတွေမှာလည်း အရေးပေါ်အခြေအနေကြောင့် တံတားခံနိုင်ဝန်ထက် ပိုမိုသောကယ်ဆယ်ရေးယာဉ်တန်းများ ဖြတ်သန်းခဲ့ရသဖြင့် တံတားမှာ ပိုမိုပျက်စီးခဲ့ရပါတယ်။

ဒါကတော့ မြောင်းမြကြိုးတံတားကို မြောင်းမြဘက်ကနေ မြင်ရတာဖြစ်ပါတယ်။ ယခုအခါမှာ မူလခံနိုင်ဝန် တန် ၆၀ အစားကို တန် ၂၀ ခန့်သာ ဖြတ်သန်းခွင့်ပြုနိုင်ပါတော့တယ်။ တံတားပေါ်မှာလည်း နှစ်လမ်းသွားကားလမ်းအစားကို ကားတစ်စီးစီသာဖြတ်သန်းနိုင်ရန် ကန့်သတ်ထားတာကို တွေ့ရတာဖြစ်ပါတယ်။ ပုံမှာတွေ့တဲ့အတိုင်းပဲ ကြိုးတံတားရဲ့အောက်ခြေမှာလည်း အညာဆန်သင်္ဘောကြီးများ နေ့စဉ်အကြိမ်များစွာ ဖြတ်သန်းသွားလာနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ မြောင်းမြမြို့ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ တင်ပို့ရာမှာ အားထားနေရတဲ့ ထိုသင်္ဘောများလွတ်ကင်းစွာသွားလာနိုင်ရေးအတွက်လည်း တံတားအသစ်တည်ဆောက်ရာမှာ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် သက်တမ်းကြာမြင့်၍ ခံနိုင်ဝန်ကျဆင်းကာ အန္တရာယ်ရှိနေသော မြောင်းမြကြိုးတံတားအစား တန် ၆၀ ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိခဲ့ပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူမှ မေးမြန်းထားတဲ့ ရန်ကုန်-မြောင်းမြ-လပွတ္တာလမ်းပေါ်မှာရှိတဲ့ ရွေးမြစ်ကူး မြောင်းမြကြိုးတံတားသည် သက်တမ်းကြာမြင့်၍ ခံနိုင်ရည်ဝန်အား ၈၀ ရာခိုင်နှုန်းကျော်ကျဆင်းကာ အန္တရာယ်ရှိသောတံတားအဖြစ် ပျက်စီးယိုယွင်းနေပြီဖြစ်သောကြောင့် အဆိုပါတံတားအစား တန် ၆၀ ခံနိုင်ဝန်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ပေးမည်၊ မည်သည့်နှစ်

အတွင်း အပြီးဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်-မြောင်းမြ-လပွတ္တာလမ်းပေါ်မှာရှိတဲ့ ရွှေမြစ်ကူးမြောင်းမြကြိုးတံတားဟာဆိုရင် ၂၇-၃-၁၉၉၆ ရက်နေ့မှာဆိုရင် ဖွင့်လှစ်အသုံးပြုခဲ့တာဖြစ်တဲ့အတွက် နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သက်တမ်းကြာမြင့်သည့်အပြင် နာဂစ်ကာလမှာလည်း အရေးပေါ်အခြေအနေကြောင့် တံတားခံနိုင်ဝန်ထက်ပိုသော ကယ်ဆယ်ရေးယာဉ်တန်းများ ဖြတ်သန်းခဲ့၍ တံတားမှာပိုမိုပျက်စီးယိုယွင်းခဲ့ရပါတယ်။ မြောင်းမြကြိုးတံတားဟာ မြောင်းမြမြို့နယ်ရှိ လူဦးရေသုံးသိန်းအတွက်သာမက လပွတ္တာမြို့နယ်ရှိ လူဦးရေနှစ်သိန်းကျော်အတွက်ပါ အရေးကြီးသောတံတားဖြစ်လို့ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ အချိန်မီပေးပို့ရန် ရန်ကုန်-မြောင်းမြ-လပွတ္တာဆက်သွယ်ရေးအတွက် မရှိမဖြစ်အရေးပါသော တံတားတစ်စင်း ဖြစ်ပါတယ်။

အများပြည်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးတို့အတွက် ၂၀၁၂ ခုနှစ်မှာဆိုရင် သံမဏိကြိုးများ သံချေးစားခြင်းမှ ကာကွယ်ရန် Main Cable Wrapping လုပ်ငန်းနှင့် Expansion Joint အသစ်တပ်ဆင်ခြင်း၊ သံပေါင်များဆေးသုတ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ နှစ်စဉ်လည်း လိုအပ်သောပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာလည်း ရက် ၁၀၀ စီမံချက်ဖြင့် လူသွားလမ်းကြမ်းခင်းများအား အသစ်လဲလှယ်ပေးခြင်း၊ ယာဉ်များအန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များ (Speed Limit, Weight Limit) ပြုလုပ်တပ်ဆင်ပေးခြင်း၊ Channel Decking များတွင် ဘေးတစ်ဖက်တစ်ချက်တွင် Steel Plate (ပန်းသံပြား) ၃ ပေ စီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်ကို ယာဉ်တစ်စီးချင်းမူလခွင့်ပြုတန်ချိန် တန် ၆၀ ကနေပြီးတော့ တန် ၂၀ ထိလျှော့ချခွင့်ပြုထားခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်-မြောင်းမြ-လပွတ္တာလမ်းပေါ်မှာရှိတဲ့ ရွှေမြစ်ကူးမြောင်းမြကြိုးတံတားအား မူလတံတားဟောင်းနှင့်ယှဉ်ပြီးတော့ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိတဲ့ နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအသစ် ခန့်မှန်းပေရှည် ၁၅၀၀ ပေနှင့် ခန့်မှန်းစီမံကိန်းတန်ဖိုး ကျပ် ၆၀၀၀ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်

တည်ဆောက်မှာဖြစ်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားနိုင်ရေးအတွက် ရန်ပုံငွေ ထည့်သွင်းရေးဆွဲထားပါတယ်။ မူလတံတားဟောင်းနှင့်ကပ်လျက် တံတားအသစ် တည်ဆောက်မှာဖြစ်တဲ့အတွက် တံတားအဝင်၊ အထွက်ချဉ်းကပ်လမ်းများ ဆောင်ရွက်ရမှာဖြစ်တဲ့ အတွက် မြေနေရာမလွတ်မကင်းဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ နယ်မြေခံပြည်သူများ နှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မြန်မာနိုင်ငံတွင် လမ်း၊ တံတား၊ အဆောက်အဦနှင့် လေယာဉ်ကွင်း တည်ဆောက်ရာတွင် ဖြစ်ပေါ် လာသော အငြင်းပွားမှုကို ဖြေရှင်းရန် အရည်အသွေးစစ်ပစ္စည်းနှင့် အသုံးပြုခြင်းရှိ/မရှိ၊ အရည် အသွေးထိန်းကွပ်သည့် Consultant Agency /Company ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒတွေ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့ ဂါရဝပြုပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်မမိတ်ဆက်လိုပါတယ်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ ပြည်သူလူထုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အခြေခံအဆောက်အဦများဖြစ်တဲ့ လမ်း၊ တံတား၊ အဆောက်အဦနှင့် လေယာဉ်ကွင်းများ ပြုလုပ်တဲ့အခါမှာ အငြင်းပွားမှုတွေ ပေါ်ပေါက်လျက်ရှိပါတယ်။ အငြင်းပွားမှု ဖြေရှင်းဖို့ (၁) အရည်အသွေးစစ်ပစ္စည်းနှင့်အသုံးပြုခြင်းရှိ/မရှိ၊ (၂) အရည်အသွေးထိန်းကွပ်တဲ့ တတိယအဖွဲ့အစည်းဖြစ်တဲ့ Consultant Agency /Company ရှိ/မရှိ၊ (၃) အငြင်းပွားမှုပေါ်ပေါက် လာရင် အဆုံးအဖြတ်ခံယူမယ့် ခုံရုံးရှိ/မရှိ အထက်ပါသုံးချက်စလုံးရှိပါက အဘယ်ကြောင့် မကျင့်သုံး ပါသလဲ၊ မရှိပါက အဘယ်ကြောင့်လဲ။ မည်ကဲ့သို့ မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်ကို သိရှိ လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းသုံးခုနှင့်ပတ်သက်ပြီးတော့ ကြောင်းကျိုးဖော်ပြလိုပါတယ်။ မေးမြန်းရခြင်းအကြောင်းအရင်းကတော့ သဘာဝပတ်ဝန်းကျင်ကြောင့်မဟုတ်ဘဲ မြန်မာနိုင်ငံတစ်ဝှမ်းလုံး ဝန်ကြီးဌာနအသီးသီးက ၎င်းတို့ဆောက်လုပ်တဲ့လမ်း၊ တံတား၊ အဆောက်အဦအကြီးအငယ်များဟာ တည်ဆောက်ပြီး မျှားမကြာမီကာလအတွင်းမှာ အဆောက်အဦအဆင့်ဆင့် အက်ကွဲပြိုကျမှုများ တွေ့ရပါတယ်။ ဥပမာပြောရရင် အရင်အစိုးရလက်ထက်က ပြုလုပ်ခဲ့တဲ့ ကွန်ပျူတာကောလိပ်ကြီးတွေ၊ နည်းပညာကောလိပ်ကြီးတွေ ဖြစ်ပါတယ်။ အခြားအဆောက်အဦများလည်း ပါဝင်ပါတယ်။ ပြန်လည်ပြင်ဆင်ပါကလည်း အဖြစ်သဘောမျိုးပြင်ဆင်ပြီး ပြိုနေတဲ့အဆောက်အဦကို ထောက်ထားခြင်းမျိုးသာ ပြုလုပ်ပါတယ်။ လမ်း၊ တံတားကိုကြည့်မယ်ဆိုရင် လမ်းမကြီးအား နေပြည်တော်-ရန်ကုန်-မန္တလေး လမ်းကို ဥပမာပြထားလို့ရပါတယ်။ အသက်ဆုံးရှုံးမှုများစွာလည်း ကြုံရပါတယ်။ တံတားများလည်း ထိုနည်းလည်းကောင်းပါပဲ။ ရှေ့က အဆောက်အဦတွေ တံတားတွေ ဖွင့်ပြီးတော့မှ နောက်မှာလိုက်ပြီးတော့မှ ပြိုပျက်နေတာတွေ တန်းစီပါလာတဲ့အတွက် အရွယ်ပမာဏ ပုံစံမျိုးစုံနဲ့ ပြဿနာအငြင်းပွားမှု ဖြစ်ခဲ့တာတွေကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များ တွေ့ဖူးမြင်ဖူးကြမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများရဲ့ဘဏ္ဍာငွေဟာ အဟောသိကံဖြစ်ပြီး လူထုရဲ့နေထိုင်သွားလာမှု လုံခြုံမှုပျက်စီးရပါတယ်။ ဒီအချက်ကိုပြောရမယ်ဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာ ဝန်ကြီးဌာနအသီးသီးရဲ့ ဆောက်လုပ်ရေးလုပ်ငန်းများအားလုံး အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီစွာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမယ့်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ဦးဆောင်ပြီး ပြည်ထောင်စုအစိုးရသို့ တင်ပြအတည်ပြုချက်ရယူပြီး ဝန်ကြီးဌာနအားလုံးသို့ ထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။ ဒါမှ အငြင်းပွားမှုများ ကာကွယ်နိုင်ပြီး အရည်အသွေးစံနှုန်းမီတဲ့ အခြေခံအဆောက်အဦ လမ်း၊ တံတား၊ လေယာဉ်ကွင်းများကို ပြည်သူတို့ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ပြီး လုံခြုံမှုများပေးနိုင်သလို အဂတိလိုက်စားမှုများလည်း လျှော့ချနိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူမှ မေးမြန်းထားတဲ့ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦဖြစ်တဲ့ လမ်း၊ တံတား၊ အဆောက်အဦနှင့် လေယာဉ်ကွင်းများတည်ဆောက်ခြင်း ပြုလုပ်ရာမှာ အငြင်းပွားမှုများ ပေါ်ပေါက်လျက်ရှိပါတယ်။ အငြင်းပွားမှုများ ဖြေရှင်းရန် (၁) အရည် အသွေးစစ်ပစ္စည်းနှင့်အသုံးပြုခြင်းရှိ/မရှိ၊ (၂) အရည်အသွေးထိန်းကွပ်သည့် တတိယအဖွဲ့အစည်း ဖြစ်သည့် Consultant Agency/ Company ရှိ/မရှိနှင့် ရှိပါကကျင့်သုံးမှုရှိ/မရှိနှင့် (၃) အငြင်းပွား မှုပေါ်ပေါက်လာလျှင် အဆုံးအဖြတ်ခံယူမည့် ခုံရုံးရှိ/မရှိ၊ အထက်ပါ သုံးချက်စလုံးရှိပါက အဘယ့် ကြောင့် မကျင့်သုံးသနည်း။ မရှိပါက မည်ကဲ့သို့ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အနည်းငယ် အကျယ်တဝံ့ဖြေကြားမယ့်အတွက် အချိန်နည်းနည်းပိုရင်လည်း ခွင့်ပြုဖို့တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ မြန်မာနိုင်ငံ၏ဆောက်လုပ်မှုလုပ်ငန်းကဏ္ဍမှာ နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတဲ့ အခြေခံအဆောက်အဦများဖြစ်တဲ့ အဆောက်အဦ၊ လမ်း၊ တံတားနှင့် လေယာဉ်ကွင်းများတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာမှာ ဆောက်လုပ်ရေးပစ္စည်းများ အား အရည်အသွေးပြည့်မီရန်အတွက် အဆောက်အဦ၊ လမ်းနှင့်တံတားသုတေသနနှင့် ဓာတ်ခွဲခန်း များမှာ ရုံးသုံးရုံးရှိပြီးတော့ ဓာတ်ခွဲခန်းများမှာ ဆောက်လုပ်ရေးပစ္စည်းများဖြစ်တဲ့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံချောင်း၊ ဘိလပ်မြေကွန်ကရစ်၊ ကတ္တရာကွန်ကရစ်၊ ကတ္တရာ၊ မြေကြီးတို့၏ အရည်အသွေးနှင့်ပတ်သက်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းခွင်များမှာ အသုံးပြုရန်အတွက် ဘိလပ်မြေ၊ သံချောင်း၊ ကတ္တရာ၊ ကျောက်၊ သဲပစ္စည်းများအတွက် မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် စံချိန်စံညွှန်းများကို လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စံချိန်စံညွှန်းအဖြစ် သုတေသနနှင့် ဓာတ်ခွဲခန်းရုံးများမှ သုတေ သနပြုလုပ်ပြီးတော့ သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သုတေသနနှင့် ဓာတ်ခွဲခန်းရုံး သုံးရုံးအပြင် ပုဂ္ဂလိကကဏ္ဍမှလည်း Consulting Company များ၊ ဓာတ်ခွဲခန်းများ ကလည်း အရည်အသွေးကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းများ စိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့ ပါတယ်။ ကော်မတီဥက္ကဋ္ဌမှာ ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန ခုနစ်ခုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်စစ်ဆေး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့များက တိုင်းဒေသကြီး/ပြည်နယ် တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးတော့ စိစစ်စစ်ဆေးရေးများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကော်မတီများကို တည်ဆောက်ရေးနှင့် သက်ဆိုင်တဲ့ ဝန်ကြီးဌာနများ ရဲ့ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီးတော့ သက်ဆိုင်ရာဌာနများမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက် တဲ့ တည်ဆောက်ရေးလုပ်ငန်းများရဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် မြန်မာနိုင်ငံ အဆောက် အအုံဆိုင်ရာစည်းမျဉ်းများ Myanmar National Building Code (MNBC)အတိုင်း လုပ်ငန်းများ ကိုဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ MNBC တွင် မြို့ပြ စီမံကိန်းရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်အဆောက်အအုံထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဗိသုကာနှင့်မြို့ပြပုံစံထုတ်ခြင်း၊ အဆောက်အအုံတည်ဆောက်ပုံ ဒီဇိုင်းပုံစံထုတ်ခြင်း၊ မြေသားနှင့် အုတ်မြစ်၊ အဆောက်အအုံအထောက်အကူပြုလုပ်ငန်း(အလင်း)၊ အဆောက်အအုံအထောက်အကူပြု လုပ်ငန်း(လျှပ်စစ်နှင့်ဆက်စပ်သော တပ်ဆင်ခြင်းလုပ်ငန်းများ)၊ အဆောက်အအုံအထောက်အကူပြု လုပ်ငန်း (ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားတပ်ဆင်ခြင်းလုပ်ငန်း)၊ အဆောက်အအုံအထောက် အကူပြုလုပ်ငန်း (ရေပေးဝေရေးနှင့် သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများ)၊ အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းပစ္စည်းများ၊ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးစသည့် အပိုင်း ခုနစ်ပိုင်း ပါဝင်ပါတယ်။

**မူကြမ်း**

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများသည် နိုင်ငံတော်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအတွက် ကန်ထရိုက်စနစ်ဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် United Nations Office for Project Services(UNOPS)၏ အကူအညီဖြင့် ဝန်ကြီးဌာနများ လိုက်နာ ကျင့်သုံးရန် ရေးဆွဲထားတဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့်လုပ်ငန်းလမ်းညွှန်အတိုင်း လိုက်နာဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ကန်ထရိုက်များကို ရွေးချယ်ရာတွင် ကျွမ်းကျင်မှုဆိုင်ရာ စစ်ဆေးခြင်း (Technical Envelop) အောင်မြင်သောအခါမှသာလျှင် ငွေကြေးဆိုင်ရာစာအိတ် (Financial Envelop)ကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းစနစ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်း တင်ဒါရွေးချယ်ရာမှာလည်း အရည်အသွေးကောင်းမွန်ရေးရှေးရှုပြီးတော့ အနိမ့်ဆုံးကြမ်းခင်းဈေးကိုသတ်မှတ်ပြီးတော့ ရွေးချယ်တဲ့စနစ်ကိုလည်း ကျင့်သုံးလျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ၁၆-၆-၂၀၁၆ ရက်နေ့မှာ မြန်မာနိုင်ငံဆောက်လုပ်မှုကဏ္ဍမှာ ဆောင်ရွက်နေတဲ့ တည်ဆောက်ရေးကုမ္ပဏီများ၊ တည်ဆောက်ရေးပစ္စည်းပေးသွင်းသည့်ကုမ္ပဏီများနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီများအတွက် ကုမ္ပဏီများကန်ထရိုက်မှတ်ပုံတင်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ကော်မတီကပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှာ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လိုတဲ့ကုမ္ပဏီများကို ကန်ထရိုက်မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် သတင်းစာများမှာ ကြော်ငြာပြီးတော့ လျှောက်လွှာများခေါ်ယူခဲ့ပါတယ်။ လျှောက်ထားလာသည့် ကုမ္ပဏီများအားလည်း ကန်ထရိုက်မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ဖွဲ့စည်းပုံ၊ RSS PE စာရင်း၊ ဘဏ္ဍာရေးအခြေအနေ၊ စက်/ယာဉ်ယန္တရားပစ္စည်းရှိမှုအခြေအနေ၊ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းအတွေ့အကြုံ၊ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းအတွက် ဌာနအဖွဲ့အစည်းများ၏ ထောက်ခံချက်စသဖြင့် အချက်အလက်များကို အခြေခံပြီးတော့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများဟာဆိုရင် ခန့်မှန်းခြေစာရင်းများအား ဒေသဈေးနှုန်းများနှင့်ကိုက်ညီမှုရှိ/မရှိ၊ တည်ဆောက်ရေးလုပ်ငန်းခုနှစ်မျိုးအတွက် လုပ်ငန်းအခြေခံစံနှုန်းများ Analysis of Rates အရ တွက်ချက်ထားခြင်းရှိ/မရှိ၊ Engineering Point of view အရ ဆီလျော်မှုရှိ/မရှိတို့ကို အဓိကထားကာ စစ်ဆေးအတည်ပြုပေးလျက်ရှိပါတယ်။ လုပ်ငန်းအခြေခံစံနှုန်းများကို ပြည်ထောင်စု

အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၂/၂၀၁၃)မှာ အတည်ပြုပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍမှာဆိုရင် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၏ အရည်အသွေးများကို စမ်းသပ်စစ်ဆေးဆောင်ရွက်လျက်ရှိတဲ့ အခြားဝန်ကြီးဌာနများရဲ့ ဓာတ်ခွဲခန်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် မှတ်ပုံတင်ထားတဲ့ Consulting ကုမ္ပဏီများနှင့် အသိအမှတ်ပြု ဓာတ်ခွဲခန်းများလည်းရှိပါတယ်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှလည်း ဆောက်လုပ်ရေးလုပ်ငန်းအရည်အသွေး ထိန်းကွပ်ခြင်း/စိစစ်စစ်ဆေးခြင်းများကို Third Party အဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ ၁၇ ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးဆိုင်ရာ ထိန်းကွပ်ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို ယခင်ကမရှိခဲ့သော Third Party များအား အပ်နှံဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း တည်ဆောက်ရေးကော်မတီများမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားအကူအညီချေးငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများတွင်တော့ Consultant Agency ထောက်ခံချက်ဖြင့် အရည်အသွေးထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများမှာဆိုရင် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီက စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ ဗိသုကာများနှင့်အင်ဂျင်နီယာများ၏ ကျင့်ဝတ်များနှင့်အရည်အသွေးများ ကောင်းမွန်မြင့်မားလာရေးအတွက် မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီများမှ Senior Licence Architect(SLA)၊ Licence Architect(LA)၊ Professional Engineer(PE)၊ Registered Senior Engineer(RSE)၊ Registered Engineer(RE) များကို စိစစ်ပြီးတော့ အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးလျက်လည်းရှိပါတယ်။

တည်ဆောက်မှုလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း လုပ်ငန်းသဘောတူစာချုပ်နှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော သာမန်ကိစ္စရပ်များအတွက် ဌာနဆိုင်ရာအကြီးအကဲများကသော်လည်းကောင်း၊ ဘုတ်အဖွဲ့ဖွဲ့စည်း၍သော်လည်းကောင်း ဖြေရှင်းဆောင်ရွက်ပါတယ်။ လုပ်ငန်းသဘောတူစာချုပ်ပါကိစ္စရပ်များအတွက် စာချုပ်ပါစည်းကမ်းများအရ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရန်ရှိပါသဖြင့် ၂၀၁၆ ခုနှစ်၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဥပဒေပါ

သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း အနုညာတခံရုံးဖွဲ့စည်းပြီးတော့ ဖြေရှင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာကျင့်ဝတ်ပိုင်းနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဆုံးဖြတ်ဖြေရှင်းပေးပါတယ်။ နိုင်ငံခြားအကူအညီ/အထောက်အပံ့/ချေးငွေတို့ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများအတွက်တော့ အပြည်ပြည်ဆိုင်ရာစံနှုန်းများအရ အငြင်းပွားမှုများကို ကန်ထရိုက်ဆောင်ရွက်ပေးတဲ့ ပုံစံအမျိုးအစားအလိုက် လက်ခံကျင့်သုံးလျက်ရှိသော နိုင်ငံတကာအကြံပေးအင်ဂျင်နီယာများအဖွဲ့ချုပ် (International Federation of Consulting Engineers)၏ စည်းမျဉ်းစည်းကမ်း(FIDIC Guide Line)များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။ ဆက်စပ်မေးခွန်းမေးပါ။ တိုတိုနဲ့လိုရင်းမေးပါ။

**ဒေါ်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ အခု ပြည်ထောင်စုဝန်ကြီး ဖြေကြားသွားလို့ ကျွန်မတို့ ဒီ Building Code တို့ ဘာတို့တွေလည်း လုပ်နေပြီဆိုတာတော့ သိပါတယ်။ နောက်ပြီးတော့မှ အင်ဂျင်နီယာအဖွဲ့အစည်းတွေ ဖွဲ့ပြီးတော့လည်း ဒီ Consultant အနေနဲ့လုပ်တာတွေကိုလည်း ပြောပြတာ၊ Power Point ပြလို့လည်း ကျွန်မတို့သိရပါပြီ။ သို့သော် လည်း ကျွန်မမေးချင်တာက ဒီဆောင်ရွက်ချက်ကို ခုနကဝန်ကြီးတင်ပြထားတဲ့အတိုင်းပဲ ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ရေးကော်မတီလည်း ဖွဲ့ပြီးပြီ။ နောက်ပြီးတော့မှ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနများ ကန်ထရိုက်စနစ်လုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်သုံးရမယ့် လမ်းညွှန်များလည်းလုပ်ပြီးပြီ။ ဒီမေလမှာ စလုပ်တာသိသလို၊ စက်တင်ဘာမှာလည်း တချို့ ညွှန်ကြားချက်တွေရှိတာကိုလည်း သိရပြီးဖြစ်ပါတယ်။ သို့သော်လည်း ဒီ Building Code ကို ခေတ်နဲ့တစ်ပြေးညီလည်းလုပ်ဆောင်နေတာတော့ ဆောင်ရွက်နေပါတယ်လို့တော့ ပြောသွားပါတယ်။ သို့သော်လည်းအခုအဲ့ဒါကော ဆောင်ရွက်တယ်ဆိုတာက အခုပြီးပါပြီလား။ Form ဖြစ်ပြီးပြီလား။ ပြဋ္ဌာန်းပြီးပါပြီလား။ တကယ်လုပ်ဆောင်ကျင့်သုံးဖို့ကော ညွှန်ကြားပြီးပါပြီလား။ အဲဒီဟာက ကျွန်မမေးတဲ့ဟာက ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်းအတွက်မဟုတ်ဘဲနဲ့ လမ်းတံတား ဆောက်လုပ်ရေးတွေလုပ်တဲ့ ဝန်ကြီးဌာနအသီးသီးမှာကော ဒီဟာ Entitle ဖြစ်သလားပေါ့။ အဲဒါလေးလည်းသိချင်ပါတယ်။ အဲဒီလို Entitle ဖြစ်ဖို့ကော ဥပဒေဆွဲပြီးတော့ ညှိနှိုင်းဆောင်ရွက်ဖို့ကောရပါပြီလားဆိုတာ သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့မှာ ဆောက်လုပ်ရေးတစ်ခုတည်း ဒီလမ်းတံတားလုပ်တာမဟုတ်ပါဘူးရှင့်။ နတလကလည်းလုပ်တယ်။ စည်ပင်ကလည်းလုပ်တယ်။

နောက်ပြီးတော့ ကျေးလက်ဦးစီးဌာနကလည်း လုပ်တာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဟာ အကျုံးဝင်သလားပေါ့။ အဲဒီလိုလေး အကျုံးဝင်စေချင်လို့ ကျွန်မရည်ရွယ်ချက်လည်း ပြောထားတာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်နေရာပြုပြု ဘယ်နေရာဆောက်ဆောက် ပြည်ထောင်စုဝန်ကြီးပြောတဲ့ဟာကို Entitle လည်း ဖြစ်ချင်ပါတယ်။ ခုနကပြောတဲ့ Building Code ကတော့ တကယ်အတည်ပြုပြီလား။ ပြဋ္ဌာန်းပြီးပြီလား။ ဥပဒေအရ Legitimate ဖြစ်ပြီလားဆိုတာလည်း သိချင်ပါတယ်။ ဆောင်ရွက်လျက်ရှိပါတယ်ဆိုတာကိုတော့ သိရတဲ့အတွက် ဝမ်းသာပါတယ်။

နောက်တစ်ခုကဘာလဲဆိုလို့ရှိရင် သုတေသနတွေလုပ်တယ်။ Laboratory တွေရှိတယ်။ စမ်းသပ် တဲ့ နေရာတွေရှိတယ်ဆိုတာတော့ ပြောထားပါတယ်။ ရှင်းလည်းရှင်းပြပါတယ်။ သို့သော်လည်း ကျွန်မတို့အခုဒီဆောက်လုပ်ရေးကိစ္စတွေမှာလုပ်တဲ့အခါမှာ အခြေခံအကျဆုံးဖြစ်တဲ့ ဥပမာ -လမ်း၊ မြေသားလမ်းကနေ ကျောက်သားလမ်းလုပ်မယ်။ ကျောက်သားလမ်းကနေ ကတ္တရာလမ်းလုပ်မယ်ဆိုရင် ပစ္စည်းတွေအစုံအလင်ရှိပါလျက်နဲ့ ကျွန်မတို့ ကယားနဲ့အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တွေမှာ အခြေခံအကျဆုံးဖြစ်တဲ့ မြေကြီးရဲ့ Density ကိုတိုင်းတဲ့ California bearing ratio လွယ်လွယ်လေးပါ။ အဲဒီဟာကို Percent ဘယ်လောက်ဘယ်လောက်။ 10 Percent ရှိမယ်။ 20 Percent ရှိမယ်။ 40 Percent ရှိမယ်ဆိုတာမျိုးရှိတယ်။ ဒါပေမဲ့ အခုထိလုပ်ကိုမလုပ်သေးပါဘူး။ ဒါရှေးရှေးကတည်းက အခုထိကို မလုပ်သေးဘူး။ ဒါကြောင့်မို့

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းပဲ မေးပါ။

**ဒေါ်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ အဲဒီမေးခွန်းပါပဲရှင့်။

**ဥက္ကဋ္ဌ**။ ။ အဲဒီမေးခွန်းက ခုနက ဝန်ကြီးဖြေတာနဲ့ မဆက်စပ်ဘူး။ မလုပ်တာတွေ ဟိုဟာတွေပြောနေတယ်။ ဘာတွေကွဲလွဲတယ်အခု ဝန်ကြီးဖြေတာနဲ့ ကိုယ်မေးတဲ့မေးခွန်းနဲ့။

**ဒေါ်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ရှိတယ်ဆိုတာကို အကျုံးဝင်တယ်လို့ မေးတာပါရှင့်။ ဟုတ်ကဲ့။ ဘာလို့တုန်းဆိုတော့ ဒီဟာက မရှိဘူး၊ ရှိတယ်ဆိုတာ။ လုပ်နေပြီးဆိုတာ၊ အခုလုပ်လို့ရပါပြီလားလို့ သိချင်လို့ပါရှင့်။ အဲ့ဒါလေးပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ အများကြီး ပျက်စီးနေတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ဒီပြင်ပကလာတဲ့ အဖွဲ့အစည်းတွေ၊ ကန်ထရိုက်တွေကျတော့ Third Party ရှိတာပေါ့နော်။ ကျွန်မတို့နိုင်ငံအတွင်းမှာ နိုင်ငံတော် ဘတ်ဂျက်နဲ့ လုပ်တဲ့ဟာကျတော့ Third Party မရှိဘူး။ သို့သော်လည်းခုနက ပြောတဲ့အင်ဂျင်နီယာ

တွေအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တယ်လို့တော့ပြောပါတယ်ရှင့်။ ဒါပေမဲ့ ကျွန်မတို့ကယားပြည်နယ်အနေနဲ့လည်း အတွေ့အကြုံကို ပြောတာပါ။ အဲဒါကို ကျွန်မတို့ဘယ်လိုလုပ်ပေးနိုင်ပါသလဲဆိုတာလေးလည်း မေးချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းမေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ပိုပြီးတော့ ရှင်းရှင်းလင်းလင်းဖြေလို့ ရပါတယ်။ ခုနက တင်ပြနေတဲ့အချက်တွေအားလုံးက ကျွန်တော်လည်းဝန်ခံပါတယ်။ ကျွန်တော်တို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့လည်း အဲဒီတုန်းက ပြည်သူလူထုပါပဲ။ အဲဒီအချိန်မှာလုပ်တဲ့ အရည်အသွေးတွေကတော့ အရည်အသွေးမမီခဲ့ပါဘူး။ ဒါပေမဲ့ ဒါတွေအပေါ်မှာ ကျွန်တော်တို့အစိုးရသစ်တက်လာတဲ့အခါမှာ အဓိကပြောင်းလဲလိုချင်တယ်ဆိုတာ ဒီကိစ္စတွေပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ကျွန်တော့်ကို ဆောက်လုပ်ရေးဝန်ကြီးအနေနဲ့တာဝန်ပေးတဲ့အခါမှာ အဓိကကတော့ ခုနကအားနည်းချက်တွေကို ကျွန်တော်တို့ဘယ်လို ဒါတွေကိုပြုပြင်မလဲ။ ဒါတွေကို အရင်ဖြစ်ခဲ့တဲ့ ခုနကပြောတဲ့အရည်အသွေး မမီတာလို့၊ စံချိန်စံညွှန်းမညီတာလို့ ဒါတွေကိုဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ကိစ္စကို ကျွန်တော်တာဝန်ယူပြီး ဖြေရှင်းခဲ့ပါတယ်။ ဒါကြောင့်မို့ ခုနက မြင်တွေ့ပါလိမ့်မယ်။

ခုနက တင်ပြတဲ့ကိစ္စအားလုံးက ၂၀၁၆ ခုနှစ် ပြည်သူ့အစိုးရတက်ပြီးမှ ပြဋ္ဌာန်းတဲ့ကိစ္စတွေဖြစ်ပါတယ်။ ခုနကပြောတဲ့ Myanmar National Building Code (MNBC) ဒါက ကိုဓ အဆင့်ပါ။ ကိုဓ အဆင့်ဖြစ်တဲ့အတွက် ဒါဥပဒေမဟုတ်ပါဘူး။ သို့သော် အဆောက်အဦဆောက်မယ့်သူ၊ လုပ်ငန်းဆောက်မယ့်သူကတော့ လိုက်နာရမယ့် Code တစ်ခုဖြစ်ပါတယ်။ ဒါကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နှင့်ထုတ်လို့ရပါတယ်။ ဒါကို ရှေ့နေချုပ်ရုံးမှာ ပြန်ပြီးတော့ ဘာသာပြန်နေလို့ ခဏကြာနေတာပါ။ ရက်ပေါင်း ၉၀ အတွင်း ဒါတွေကို ကျွန်တော်တို့ ကိုဓ အဖြစ်ပြန်ထုတ်မှာဖြစ်ပါတယ်။ ဒီ ကိုဓ ထွက်လာရင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနတစ်ခုလုံးမဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းလုပ်တဲ့ အဖွဲ့အစည်းအားလုံးက လိုက်နာရမယ့်ကိစ္စပဲဖြစ်ပါတယ်။ နောက်တစ်ခုက Third Party ကိစ္စဆိုတာလည်း ကျွန်တော်တို့ ပြည်သူ့အစိုးရတက်လာမှ အားလုံးလည်းကြားဖူးကြတဲ့ကိစ္စဖြစ်ပါတယ်။ Third Party ဆိုတာ

အရင်တုန်းက မြန်မာနိုင်ငံမှာ တစ်ခါမှမရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း တစ်ဖက်က အစိုးရဘဏ္ဍာငွေ သုံးတဲ့အခါမှာ၊ ပြည်သူ့ဘဏ္ဍာငွေ သုံးတဲ့အခါမှာ Client ပေါ့။ အစိုးရဌာနတွေက Client ဖြစ်ပါတယ်။ တစ်ဖက်က လုပ်ငန်းဆောင်ရွက်သူ Contractor ဖြစ်ပါတယ်။ Client နဲ့ Contractor ကြားမှာ အရင်တုန်းက တိုက်ရိုက်ပဲရှိပါတယ်။ ဒီဘက်က အစိုးရဌာနကငွေထုတ်ပေးတယ်။ တစ်ဖက်က Contractor က ဒါကိုဆောင်ရွက်တယ်။ ဒီအပေါ်မှာ **In House, Internal။** ဒီလုပ်ငန်း Quality Control လုပ်ငန်းတွေရှိပါတယ်။ သို့သော် လုပ်ငန်းနည်းရင်တော့ အကြောင်းမဟုတ်ပေမယ့် လုပ်ငန်း ပမာဏကြီးလာတဲ့အခါကျတော့ International Practice ကတော့ Consultant ထားကိုထားရပါတယ်။ Consultant ဆိုတာက Client ဘက်ကရော၊ သူလိုချင်တဲ့၊ သူငွေပေးထားတဲ့၊ သူလိုချင်တဲ့ အရည်အသွေးရှိတဲ့ အဆောက်အဦရ/မရ၊ Contractor က ဆောင်ရွက်မှုရှိ/မရှိကို သတ်မှတ်ထားတဲ့ ဒီဇိုင်းတွေ၊ Standard တွေ၊ Specification တွေပေးပြီးတော့ Third Party ကို သူ့ရဲ့လိုအပ်တဲ့ Reinvestment ပေါ့နော်။ Fees တစ်ခုကိုပေးပြီးတော့ စစ်ဆေးခိုင်းတာပါ။ Third Party ဆိုတာ အစိုးရဘက်ကလည်းမဟုတ်ပါဘူး။ Contractor ဘက်ကလည်းမဟုတ်ပါဘူး။ သူက သမာသမတ်ရှိတဲ့ အဖွဲ့အစည်း Engineer အတိုင်ပင်ခံအဖွဲ့အစည်းတစ်ခုက ရပ်တည်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ယခင်မှာတော့ Consultant ဆိုတာက မရှိခဲ့ပါဘူး။ Consultant ဘာဖြစ်လို့မရှိသလဲဆိုတော့ ကျွန်တော်တို့ဆီမှာ Professional Engineer ဆိုတာမရှိခဲ့လို့ပါ။ Professional Engineer ဘာဖြစ်လို့မရှိသလဲဆိုတော့ မြန်မာနိုင်ငံမှာအင်ဂျင်နီယာကောင်စီ ဥပဒေမရှိလို့ပါ။ ဆိုတော့ ဒီလိုကိစ္စတွေက ဥပဒေနဲ့ဆောင်ရွက်ရပါတယ်။ ဥပဒေဆိုတာ သူ့မှာ ဆောင်ရွက်ရမယ့်ကိစ္စတွေရှိသလို မဆောင်ရွက်ရင် အပြစ်ဒဏ်တွေ၊ တားမြစ်ချက်တွေ ဒီလိုလည်း ရှိပါ တယ်။ ဒါကြောင့်မို့လို့ အရင်တုန်းက အင်ဂျင်နီယာကောင်စီ မရှိခဲ့ဘူး။ မရှိခဲ့တဲ့အတွက် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ အင်ဂျင်နီယာကောင်စီကို ကျွန်တော်တို့ဖြစ်အောင်လုပ်ရပါတယ်။ အင်ဂျင်နီယာကောင်စီ ဥပဒေကို ဒီလွှတ်တော်ကြီးကပဲ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒီလိုပြဋ္ဌာန်းပေးခဲ့တဲ့အတွက်လည်း အချိန်တစ်ခုယူရပါတယ်။ ဥပဒေရပြီးတဲ့နောက်ပိုင်း နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ဒီလိုအတိုင်ပင်ခံ Engineer၊ Professional Engineer သုံးရာလောက်ကို ကျွန်တော်တို့ရအောင် စိစစ်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာ အခုချိန်မှာ တော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ Professional Engineer သုံးရာလောက်ရရှိပြီးဖြစ်ပါတယ်။ ဆိုတော့ Professional Engineer မရှိဘဲနဲ့ Consulting လုပ်လို့မရပါဘူး။ Consultant က အနည်းဆုံး Professional Engineer ဖြစ်ရပါတယ်။ ဒါဟာ

ကျွန်တော်တို့နိုင်ငံတင်မဟုတ်ပါဘူး။ ဒါ နိုင်ငံတကာစံချိန်စံညွှန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအရ ကျွန်တော်တို့ Professional Engineer ရှိတဲ့အတွက် ခုချိန်မှာ အခုအစိုးရတက်လာတဲ့အချိန်မှာ ပြည်သူ့လုပ်ငန်းတွေကို စိစစ်ဖို့ Third Party ဆိုတဲ့ကဏ္ဍကို ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ စပြီးတော့ Introduce လုပ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကတော့ အချိန်တစ်ခုတော့ ပေးရပါမယ်။ ရုတ်တရက်ကြီးတော့လည်း ဒါတွေက လပိုင်းလေးအတွင်းမှာတော့ ဒီလုပ်ငန်းက အဆင်ပြေချောမွေ့မှာတော့ မဟုတ် သေးပါဘူး။ သို့သော် ကျွန်တော်တို့ မှန်ကန်တဲ့လမ်းကြောင်းတစ်ခုပေါ်မှာ စပြီးလျှောက်လှမ်းပြီး တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ Consulting လုပ်ငန်းတွေ၊ Third Party လုပ်ငန်းတွေ အပြင်မှာလည်း ကြီးထွားလာမယ်။ စိစစ်မှုတွေလည်း ပိုပြီးတော့ သမာသမတ်ကျလာပြီး ဆောင်ရွက်မယ်ဆိုရင်တော့ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဒီအားနည်းချက်တွေက တဖြည်းဖြည်းနှင့်လျော့နည်း သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၇-၁၀-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာကို တိတိကျကျဖော်ပြ၍ ၁၈-၁၀-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး

ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ၇-၁၀-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၈-၁၁- ၂၀၁၆ ရက် (သောကြာနေ့) ညနေ ၁၆း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ကျန်တဲ့အစီအစဉ်များကို နောက်နေ့မှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မှုကြမ်း**

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၂း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

နောက်ဆက်တွဲ(က)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး၏ အမည်စာရင်း

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးချုပ်ဝင်းမောင် | ကြည်း ၁၇၂၈၇ |
| ၂။ | ဗိုလ်မှူးချုပ်ဦးကျော် | လေ ၁၇၇၃ |
| ၃။ | ဗိုလ်မှူးကြီးသန်းအောင် | ကြည်း ၂၁၈၉၉ |
| ၄။ | ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ | ကြည်း ၂၄၃၁၁ |
| ၅။ | ဗိုလ်မှူးလှညီညီ | ကြည်း ၃၂၃၉၄ |
| ၆။ | ဗိုလ်မှူးဝင်းမင်းထွန်း | ကြည်း ၃၃၅၉၃ |

မူကြမ်း